မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၌ ဧရာဝတီတံတား(မလွန်) တည်ဆောက်လျက်ရှိ
ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များသို့ အလွယ်တကူဆက်သွယ်သွားလာနိုင်မည်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား (မလွန်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းတစ်လျှောက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဧရာဝတီတံတား(မလွန်)စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ယခင်က ဧရာဝတီမြစ်အား ပဋ္ဌနဂိုရ်ဇက်ဆိပ်မှ တစ်ဆင့် ကားများအားတင်ဆောင်၍ ခက်ခဲစွာသွားလာနေရာမှ ဤတံတားကြီး တည်ဆောက်ပြီးစီးပါက အဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း၊ တံတားကြီးအားဖြတ်သန်း၍ ဧရာဝတီမြစ်အနောက်ဘက်ကမ်း(မလွန်)မင်းလှမှတစ်ဆင့် မကွေးမြို့နှင့် ရေနံမ-စစ္စနိုး-ကန်တုတ်မှ ပုသိမ်-မုံရွာလမ်းမကြီးသို့ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တံတားကြီးကို သတ်မှတ်ချိန်ထက်စော၍ အမြန်ပြီးစီးစေရန် နေ့/ညအဆိုင်းတို့ဖြင့် ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်၊ တံတားသံပေါင်များကိုလည်း မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ သတ်မှတ်ကာလအတွင်း အချိန်မီထုတ်ပေးနိုင်ရေးနှင့် ရရှိသံပေါင်များကို အချိန်နှင့်တစ်ပြေးညီ အန္တရာယ်ကင်းစွာ တပ်ဆင်နိုင်ရေး အဆင့်ဆင့်အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်၊ မိုးတွင်းကာလရေတက်ချိန်များတွင် သံပေါင်တပ်ဆင်ခြင်းအား အဘက်ဘက်မှချိန်ဆ၍

စာမျက်နှာ ၃ ကော်လံ ၁ ❐

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း Myanmar Media Development Center (MMDC) သင်တန်းကျောင်း၌ လှည့်လည်ကြည့်ရှုစဉ်။(သတင်းစဉ်)

Myanmar Media Development Center (MMDC) သင်တန်းကျောင်းဖွင့်
အနာဂတ်မြန်မာနိုင်ငံ၏ မီဒီယာအခန်းကဏ္ဍ မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးမည်

ရန်ကုန် ဇူလိုင် ၁၅

Forever Group Co.,Ltd. ၏ Myanmar Media Development Center (MMDC) သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် ကျွန်းတောလမ်းကြားရှိ Junction Square Cineplex ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ Forever Group Co.,Ltd. အမှုဆောင်ဒါရိုက်တာနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မီဒီယာများနှင့် ဆက်စပ်သော ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မီဒီယာလုပ်ငန်းရှင်များ၊ ရုပ်မြင်သံကြားနှင့် FM များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Forever Group Co.,Ltd. အမှုဆောင်ဒါရိုက်တာ ဦးဝင်းမော်က သင်တန်းကျောင်း ဖြစ်ပေါ်လာပုံနောက်ခံသမိုင်းကိုလည်းကောင်း၊ Forever Group Co.,Ltd. ဒါရိုက်တာ ဦးခင်မောင်ဌေးက သင်တန်းကျောင်းတွင် သင်ကြားမည့် ဘာသာရပ်များနှင့် နည်းပညာများအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် MMDC သင်တန်းကျောင်း၏ Audio ၊ Video Presentation ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

၁၉၅၀ ခုနှစ်ကထုတ်လုပ်ခဲ့သော ကားပျံတစ်စင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉ သန်းဖြင့် ရောင်းမည် စာ-၅

ရုပ်ရှင်မင်းသမီး ဟန်ဂါ အင်၏ ဇာတ်လမ်းတွဲအသစ်များ တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ရုံတင်ပြသ စာ-၇


အပိုဝင်ငွေရနေသော ပေါက်ပေါက်ပွင့်လုပ်ငန်း စာ-၁၀


တိုက်စစ်မှူး ဗန်ပါစီအား မန်ယူခေါ်ယူရန် စိတ်ဝင်စားနေ စာ ၁၁

16-7 (01).pmd 1 7/16/2012, 2:25 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁၆ ရက်)

သဟဇာတ မျှတစွာဖြင့် . . .

ဤလောက၌ လုပ်ကိုင်ဆောင်ရွက်ပြောဆိုသမျှ အရာအားလုံးတို့သည် သဟဇာတမျှတစွာ လုပ်ကိုင်ကြလျှင်ဖြင့် အဆင်ပြေချောမွေ့သည်သာများ၏။ ''ကိုယ်ထင်လျှင် ခုတင်ရွှေနန်း'' ဆိုသောစကားကဲ့သို့ အရာရာ ကိုယ်ထင်ရာ၊ ကိုယ်မြင်ရာလုပ်ကိုင်ပြောဆိုနေကြလျှင် ကြံတိုင်းအောင် ဆောင်တိုင်းမမြောက်ဘဲ ရှိလေသည်။ အကယ်၍သာ လိုက်လျောညီထွေစွာ နေထိုင်ပြောဆိုကြမည်ဆိုလျှင် အနည်းနှင့်အများ အဆင်ပြေဖို့သာ ရှိသည်။

ထိုအရပ်သည်ကား ပူလွန်း၏။ အေးလွန်း၏။ ရေမြေတို့သည် ကြမ်းတမ်း၏။ ဤသို့ဆိုလျှင် ရာသီဥတုနှင့် သဟဇာတဖြစ်အောင် နေထိုင်သင့်၏။ ပူလွန်းသည့် ရာသီရောက်လျှင် ရာသီဥတုနှင့်ညီညွတ်မျှတစွာနေထိုင်စားသောက်သင့်၏။ အေးလွန်းသည့်ရာသီရောက်လျှင် အေးသည့်အလျောက် ဆင်ခြင်သတိပြုနေထိုင်သင့်၏။ ရာသီဥတုကို ဖက်ပြိုင်အန်တုနေကြမည်ဆိုလျှင် ကိုယ်ကျိုးနည်းဖို့သာ ရှိ၏။

အလားတူ သွားလာနေထိုင်ရာတွင်လည်း ဤသို့ပင်ဖြစ်၏။ ဤအရပ်သည်ကား သွားရန် မသင့်သေး၊ ထိုအရပ်ကိုကား သွားလျှင်သင့်၏။ ထိုအချိန်သွားလျှင် မိုးများ၍ရေကြီးတတ်၏။ မြေပြိုခြင်းကိုတွေ့နိုင်၏။ သို့တည်းမဟုတ် ဘေးအန္တရာယ်တစ်ခုခု ကျရောက်နိုင်၏ စသည်ဖြင့် ဆင်ခြင်သုံးသပ်ခြင်းဖြင့် အန္တရာယ်ရန်စွယ် အသွယ်သွယ်ကို ရှောင်နိုင်ကွင်းနိုင်၍ အသက်ချမ်းသာရာရနိုင်၏။

ပြောဆိုဆက်ဆံရာတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်၏။ စိတ်ဆိုးဒေါသဖြစ်နေသည့်အချိန် စိတ်ဆိုးစရာ၊ ဒေါသဖြစ်စရာ ပြောမိဆိုမိလျှင် ဒေါသမီးသည် ယမ်းပုံမီးပွားကျသကဲ့သို့ အုန်းအုန်းဒိုင်းဒိုင်း ဖြစ်သွားနိုင်၏။ ဖေးဖေးမမ ပျော့ပျောင်းညင်သာစွာ ပြောဆိုခြင်းကသာ စိတ်ဆိုးခြင်းကို ပြေပျောက်နိုင်စရာ အကြောင်းပင်ဖြစ်၏။ ထို့ကြောင့် စကားပြောဆိုရာပင်ဖြစ်လင့်ကစား အခြေအနေအချိန်အခါကိုလိုက်၍ ဆင်ခြင်သုံးသပ်ပြောဆိုအပ်၏။

လူသည် အမျိုးမျိုးရှိ၏။ အချို့က ပွင့်လင်းရိုးသားမှုကိုကြိုက်၏။ အချို့က မုသားမပါ လင်္ကာ မချောဆိုသလို အဆင်ပြေအောင် ပြောတတ်မှ ကြိုက်၏။ အချို့ကား ပြတ်ပြတ်သားသား ပြောတတ်ခြင်းကို ခုံမင်၏။ အချို့ကား လိမ္မာယဉ်ကျေးစွာ ပြောဆိုခြင်းကို သဘောကျ၏။ မည်သို့သော လူမျိုးဖြစ်စေ အဆင်ပြေအောင်ပြောဆိုအပ်၏။ အချိုကြိုက်လျှင် အချိုကျွေး၊ အခါးကြိုက်လျှင် အခါးကျွေး၊ အစပ်ကြိုက်လျှင် အစပ်ကျွေးအပ်၏။ အချိုကြိုက်တတ်သူကို အခါးကျွေးလျှင် သဘောတွေ့မည်မဟုတ်ချေ။ ထို့ကြောင့် ပြောတတ်ဆိုတတ်ရန် အလွန်အရေးကြီးပေသည်။

ကျွန်ုပ်တို့နိုင်ငံ၌ ယနေ့အချိန်အခါတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်ဖြစ်၏။ အထူးသဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေချိန်ဖြစ်၏။ မကြာမီကာလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုအများအပြား မြန်မာ့စီးပွားရေးရေစီးကြောင်းအတွင်း စီးဝင်လာကြတော့ မည်ဖြစ်၏။ မြန်မာလူမျိုးတို့အနေဖြင့် ဤသမိုင်းတစ်ကွေ့ အလှည့်အပြောင်းကာလတွင် စီးပွားရေးနှင့်အလုပ် အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ဤအခြေအနေကို အမိအရဆုပ်ကိုင်ပြီး သဟဇာတ ဖြစ်အောင် ကြိုးစားအားထုတ်လုပ်ကိုင်တတ်လျှင် ကြီးပွားချမ်းသာခြင်းသို့ ဧကန်ရောက်ရှိကြမည်သာဖြစ်၏။

သို့ဖြစ်ပါ၍ လူတို့အနေဖြင့် နေထိုင်သွားလာရာတွင်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦးဆက်ဆံပြောဆိုရာတွင်လည်းကောင်း၊ စီးပွားရှာကြံရာတွင်လည်းကောင်း သဟဇာတဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးပေသည်။ သဟဇာတဖြစ်အောင် လုပ်ကိုင်ပြောဆိုခြင်းကသာ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ စည်းစိမ်ဥစ္စာများတိုးပွားခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းစသော ကောင်းကျိုးအဖြာဖြာကို ရရှိစေနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မိုးစပါးနည်းပညာပေးဟောပြောပွဲနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲကျင်းပ

ဖျာပုံ ဇူလိုင် ၁၅

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ၂၀၁၂-၂၀၁၃ မိုးစပါးနည်းပညာပေးဟောပြောပွဲနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲ အခမ်းအနားကို တောင်သူဦးမြင့်ငွေ၏ လယ်မြေ ၁၀ ဧကတွင် ဇူလိုင် ၁၀ နံနက်က ကျင်းပရာ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ဧရာဝတီစိမ်းလန်းမြေကုမ္ပဏီ အတွင်းရေးမှူး ဦးအုန်းဟန်က တောင်သူများသို့ သွင်းအားစုပစ္စည်းနှင့် စိုက်ပျိုးစရိတ် ပံ့ပိုးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက စိုက်ပျိုးရေးနည်းပညာများကို တောင်သူများသို့ ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပြီးနောက် ပုလဲသွယ်စပ်မျိုးစပါးများကို ပေးအပ်သည်။ ဆက်လက်၍ ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မျိုးစပါးဆားရည်စိမ်သန့်စင်သည့်နည်းကို လက်တွေ့ပြသသည်။ ယင်းနောက် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ပုလဲသွယ်စပ်မျိုးစပါးကို တောင်သူများနှင့်အတူ စုပေါင်း မျိုးစေ့ချခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်စိုက်ပျိုးရေး)

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာထိန်းသိမ်းရေး အင်းစိန်မြို့နယ်၌ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများ စောင့်ထိန်းရမည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများ အကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် အထက(၁) ဧရာဝတီခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့မှ ဒါရိုက်တာဖုန်းဝေက အမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာထိန်းသိမ်းရေးအကြောင်း ဟောပြောသည်။

ထို့နောက် ဆုပေးပွဲဆက်လက်ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက တင့်လှပေဟန်သီချင်းဖြင့် သရုပ်ဆောင်ခဲ့သော ပထမဆုရအင်းစိန်မြို့နယ်မှ မရတနာထွန်းနိုင် **(အောက်ပုံ)**နှင့် ဒုတိယ၊ တတိယဆုရသူများအား လည်းကောင်း၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးနှင့် မြို့နယ်ပညာရေးမှူးတို့က ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကွမ်းခြံကုန်းမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီ အတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးမျိုးနိုင်က စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက မြို့နယ်အတွင်းရှိ တာဝန်ရှိသူများအား စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ကျိုင်းတုံ၌ ပေးအပ်

ကျိုင်းတုံ ဇူလိုင် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနကကျင်းပသည့် မိုးပွင့်အဆင့်(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၁၁ နာရီက ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ထွေပုံကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးခင်စိုးက မိုးပွင့်အဆင့်(၃)စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တွဲဖက်ပြည်နယ် ဦးစီးမှူး ဦးခင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

အမကကျောင်းဆောင်သစ် ယင်းမာပင်၌ဖွင့်

ယင်းမာပင် ဇူလိုင် ၁၅

ယင်းမာပင်မြို့နယ် တယ်ပင်ကန်ကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း ဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အလှူရှင်ဦးကျော်မြင့် (မြန်မာတော်ဝင်ထွန်းကျောက်မျက်ကုမ္ပဏီ)နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်သိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အလှူရှင်ဦးကျော်မြင့်က ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ လှူဒါန်းရခြင်း အကြောင်းများကို ရှင်းလင်းတင်ပြပြီး ကျောင်းဝင်း၊ ကျောင်းဆောင်သစ်နှင့်ပတ်သက်သောစာရွက်စာတမ်းများအားပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေ၊ အာစီတစ်ထပ်ဖြစ်ပြီး အလှူရှင် ဦးကျော်မြင့်က စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း တစ်ထောင့်ရှစ်ဆယ် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မိုးရာသီစိုက်ပျိုးစရိတ်နှင့် ပံ့ပိုးပစ္စည်းများ ကန်ကြီးထောင့်မြို့နယ်၌ ပေးအပ်

ကန်ကြီးထောင့် ဇူလိုင် ၁၅

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် တွင်းယားအရှေ့ကျေးရွာတွင် ဇူလိုင် ၁၂ ရက် နံနက်က ဧရာပုသိမ်ဆန်စပါး အထူးပြုကုမ္ပဏီမှ တောင်သူများသို့ စိုက်ပျိုးစရိတ်နှင့် ပံ့ပိုးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းကြာအုံးနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကြည်သိန်းတို့က ပုလဲသွယ်နှင့်ဆင်းသွယ်လတ်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ ဧရာပုသိမ်ဆန်စပါးအထူးပြုကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်လှိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များက လယ်သမားများသို့ စိုက်ပျိုးစရိတ်နှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

အခမ်းအနားတွင် ပုလဲသွယ်၊ ဆင်းသွယ်လတ်မျိုးစပါး၊ ပံ့ပိုးပစ္စည်းများနှင့် စိုက်ပျိုးစရိတ်စုစုပေါင်း ငွေကျပ် ၂၅၈သိန်း ငါးသောင်း ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

ကော့ကရိတ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကော့ကရိတ် ဇူလိုင် ၁၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အထကခွဲ တောင်ပေါ်ရပ်ကျောင်း၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၇ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်မိတင်သိန်း ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ သရက်၊ ပိန္နဲ၊ မန်ကျည်းပင်နှင့်ပန်းမန်အပင်မျိုးစုံ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(ခရိုင် သစ်တော)**

အခွန်ပညာပေးရှင်းလင်း

အောင်လံ ဇူလိုင် ၁၅

အောင်လံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခွန်ပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက အထက(ခွဲ) ရွာထောင်ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်သန်းက အခွန်ဆိုင်ရာပညာပေးရှင်းလင်းပြောကြားပြီးနောက် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် အောင်လံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း အခွန်ပညာပေးရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(၁၁၉)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် အပတ်စဉ်စနေနေ့တိုင်း ကျန်းမာရေးလှုပ်ရှားမှုအသွင်ဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးအတွက် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ပိုးလောက်လမ်းရှာဖွေနှိမ်နင်းခြင်း၊ လူနာသစ်ရှာဖွေခြင်းတို့ကို ဇူလိုင် ၁၄ ရက်က အမှတ်(၁၅)ရပ်ကွက်၌ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်စိုးမိုးနှင့် အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမိုးမြင့်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက နေအိမ်နှင့်အနီးပတ်ဝန်းကျင်တို့၌ ရေစည်ရေအိုးများ၊ ဘုရားပန်းအိုးများအတွင်းရှိရေများကို ပိုးလောက်လမ်း ရှိ မရှိစစ်ဆေးခြင်း၊ ဖုံးသွန်လဲစစ်လုပ်ငန်း၊ အဘိတ်ဆေးခတ်ပေးခြင်း၊ ခြင်းဆေးမှုတ်ပေးခြင်းတို့ကို စုပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၆)**

❐ **ရှေ့ဖုံးမှ**

ဆောင်ရွက်သွားရန်၊ ပင်မတံတားကြီး ပြီးစီးမှုနှင့်အညီ နှစ်ဖက်စလုံးရှိ ချဉ်းကပ်လမ်းများကိုလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးလမ်းလုပ်ငန်းအဖွဲ့များ ထပ်မံဖြည့်တင်း ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိကျောင်းရဲ-ပဌနဂိုရ်ဘက်ကမ်းမှ တံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပင်မတံတားကြမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပင်မတံတားရေလယ်တိုင်အမှတ် (RP-4) နှင့် (RP-5) အကြား အပြီးသတ် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မိကျောင်းရဲ-ပဌနဂိုရ်ဘက်ကမ်း ချဉ်းကပ်တံတားပေါ်တွင် ကားလမ်းနှင့်ရထားလမ်းတံတားများ ဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(မလွန်)သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်ကျေးရွာအနီး မိကျောင်းရဲ-ပဌနဂိုရ်နှင့် မလွန်မြို့တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ အပေါ်ထည်ပင်မတံတားသံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ ချဉ်းကပ်တံတား သံကူကွန်ကရစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားကာ ပင်မတံတားအရှည် ၃၂၁၅ ပေ၊ ချဉ်းကပ်တံတား ကားလမ်းနှစ်ဖက်အရှည် ၂၆၂၄ ပေနှင့် ချဉ်းကပ်တံတား ရထားလမ်းနှစ်ဖက်အရှည် ၃၉၃၉ ပေရှိပြီး နှစ်လမ်းမောင်း ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၀ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ရေလမ်းကင်းလွတ် အကျယ်ပေ ၃၂၀နှင့် အမြင့် ၅၇ ပေရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

ဧရာဝတီတံတား(မလွန်) တည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ရန်ကုန်-ပြည်-မကွေး- မန္တလေးလမ်းမှ တစ်ဆင့် မိကျောင်းရဲ-ပဌနဂိုရ်-စစ်ကိုးပင်မှ ဧရာဝတီမြစ်အနောက်ဘက်ကမ်း မလွန်-စစ္စနိုး-ရေနံမ-ကန်တုတ်၊ ပုသိမ်-မုံရွာလမ်းမကြီးမှတစ်ဆင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ လည်းကောင်း၊ မလွန်-မင်းလှ-မင်းဘူးမှ ပုသိမ်-မုံရွာလမ်း ပဒါန်း လမ်းဆုံမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိကျောင်းရဲဘက်ကမ်း (သစ်ရာကောက်-ပဌနဂိုရ်) လမ်းအပိုင်းအား လေယာဉ်ကွင်းအထူးအဖွဲ့ (၅)က လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ **ကျောဖုံးမှ**

ဦးရဲဝင်းနိုင်-ဒေါ်မြတ်မြတ်ခိုင် မင်္ဂလာဒုံပန်းဥယျာဉ်ဆိုင်က ငွေကျပ်တစ်သောင်းနှင့် အဝတ်အထည်နှစ်ထုပ်၊ ဦးမောင်မောင်-ဒေါ်ချိုချိုစိန် မိသားစုက ငွေကျပ်နှစ်သောင်း၊ ဦးဝင်းနိုင်-ဒေါ်အေးသိန်း မိသားစုက ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ကွယ်လွန်သူ ဦးမြင့်ဦး အင်ဂျင်နီယာမှူးကြီး(ငြိမ်း)အားရည်စူး၍ ဖခင်နှင့် ညီမများက ငွေကျပ်ငါးသောင်း၊ မိဘနှစ်ပါး ဦးမောင်မောင်-ဒေါ်မြမြ၊ ဗိုလ်ကြီးအောင်သန်းမြင့်၊ ကိုဝင်းသူရတို့အားရည်စူး၍ ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်သန်း - ဒေါ်ခင်အေးလွင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးအောင်သူ-ဒေါ်မိုးမိုးခိုင်မိသားစုက ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးကြည်ဦးနိုင်-ဒေါ်လွင်လွင်ဌေး မိသားစုက အဝတ်အထည်တစ်ထုပ်၊ မအိယမင်းစိုးနိုင်၊ မဆောင်းဝတ်ရည်မင်းတို့က အဝတ်အထည်တစ်ထုပ်၊ ဒေါ်ခင်ခင်ထွေး မိသားစုက ငွေကျပ်နှစ်သိန်း၊ ကိုသက်ချို-မမေသက်ထား (နေလ-၂ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က ငွေကျပ်တစ်သိန်းငါးသောင်း၊ ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ သမီးဒေါ်ရင်ကြည်က ငွေကျပ်တစ်သောင်း၊ Sky Net မှ ဝန်ထမ်းများက ငွေကျပ် နှစ်သိန်းတစ်သောင်း၊ Lingua Workshop က ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည် ၁၂ ထုပ်၊ ဒေါ်မူမူဝင်း၊ မညွန့်ညွန့်ဝင်း၊ စိုးဝင်းအောင်(ခ)ကောကော၊ ဇေယျာထွန်းတို့က အဝတ်အထည်လေးထုပ်၊ မောင်ဇေယျာထွန်းက ငွေကျပ် နှစ်သောင်း၊ ဗိုလ်ကြီးသက်တင်ငြိမ်း - မယုဇနမြင့် မိသားစုက အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်း၊ ဆေးဝါး၊ ထီး စုစုပေါင်းတစ်ထုပ်၊ ဗိုလ်ကြီးကျော်သူရိန်လွင် - မအေးနန္ဒာသန်းတို့က အဝတ်အထည်တစ်ထုပ်၊ ကိုကျော်စွာမြင့် - မပန်းမိုမိုသွင်တို့က အဝတ် အထည်တစ်ထုပ်နှင့် ဒေါ်ဆွေဆွေဦးက ငွေကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၉၀၇၅၅၅၂၃ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ရွှေလုပ်ငန်းပညာ (ပညာဒါနအခမဲ့သင်တန်း) အမှတ်စဉ် ၂/၂၀၁၂ ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးခန်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (ဝ၄၂)

တောင်ကြီးမြို့နယ် ဇလဲအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စု ဇလဲအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှေ့မုခ်ဦး၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယကဦးခေါင်တို့က အခြေခံပညာအထက်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** နံ့သာရည်ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သင်ကြားသင်ယူမှုအထောက်အကူပြုခန်းများနှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က အမှာစကားပြောကြားကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းကလည်းကောင်း၊ အလှူရှင်များက ငွေနှင့်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ဂါဝန်ဒိုမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ **Prof : Park Young II** မှ မြန်မာမြားပစ်အားကစားသမားများအတွက် အမေရိကန်ဒေါ်လာ ၈၀၀၀ တန်ဖိုးရှိသော မြားပစ်အပိုပစ္စည်းများကို ဇူလိုင် ၁၅ ရက်က မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌လှူဒါန်းရာ အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဦး လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ချင်းတွင်းတံတား(မုံရွာ) ရေလမ်းကြောင်းပြောင်းလဲ

ရန်ကုန် ဇူလိုင် ၁၅

ချင်းတွင်းတံတား(မုံရွာ)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက်ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဘဝအမောပြေ

လိုက်ခဲ့တော့

အာကာဟိန်း-ရေးသားသည်

လန်ဒန်မြို့လယ်၌ ည ၁၂ နာရီအချိန်တွင် ကင်းလှည့်လာသော ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက လမ်း၌ အမျိုးသားတစ်ဦးကိုတွေ့၍ မေးလေသည်။

ရဲအရာရှိ ။ ။ **ဘယ်က ပြန်လာတာလဲ။**

အမျိုးသား ။ ။ အလုပ်ကပါ။

ရဲအရာရှိ ။ ။ **ဘာအလုပ်လုပ်တာလဲ။**

အမျိုးသား ။ ။ ကျွန်တော်က ကုမ္ပဏီပိုင်ရှင်ပါ။

ရဲအရာရှိ ။ ။ **လက်ထဲက အထုပ်ပြစမ်းပါဦး။**

အမျိုးသား ။ ။ ဟုတ်ကဲ့။

ရဲအရာရှိ ။ ။ **ဟာ…ငွေတွေမနည်းပါလား…။ မှန်မှန်ပြောစမ်း။ ဒီငွေတွေကို ဘယ်ကယူလာတာလဲ။**

အမျိုးသား ။ ။ ကျွန်တော့် ကုမ္ပဏီပိုင်ငွေတွေပါ။

ရဲအရာရှိ ။ ။ **ဒါဆို…ခင်ဗျားကုမ္ပဏီက ဘယ်မှာလဲ။**

အမျိုးသား ။ ။ ဒီလမ်းရဲ့ အိမ်နံပါတ် ၃၉ ပါ။

ရဲအရာရှိ ။ ။ **ဒါဆို …ရဲစခန်းလိုက်ခဲ့၊ အဲဒီအိမ်ကပဲ ငွေတွေအခိုးခံရလို့ ဖုန်းဆက်ထားတယ်။**

အမျိုးသား ။ ။ "ဗျာ"။

မြန်မာ့အလင်း ၁၅-၇-၂၀၁၂ ယနေ့သားငါးဈေးကွက်

အိမ်ရှင်မများအနေဖြင့် မိသားစုထမင်းဝိုင်းတွင် အဓိကဟင်းလျာအဖြစ် သားငါးဟင်းတစ်ခွက်တော့ဖြင့် ထည့်စမြဲပင်။ သို့သော် မိမိတွင်ပါသည့် တစ်နေ့တာ သတ်မှတ်ဈေးဖိုးနှင့် အဆင်ပြေပြေချက်ပြုတ်နိုင်ရန်အတွက် နေ့စဉ်နှင့်အမျှ ဈေး၏ ဟိုဘက်ထိပ်နှင့် သည်ဘက်ထိပ် အခေါက်ခေါက်အခါခါလျှောက်ရင်း ဈေးလိုက်မေးရသည့်ဒုက္ခမှ ကင်းဝေးစေရန် ယနေ့သားငါးဈေးနှုန်းကို ဖော်ပြလိုက်ပါသည်။

ငါးဈေးနှုန်း (ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ)

အမျိုးအမည်	အလေးချိန်	အမြင့်ဆုံးဈေး	အနိမ့်ဆုံးဈေး
ငါးရံ့	တစ်ပိဿာ	၅၂၀၀	၂၅၀၀
ငါးခူ	॥	၅၀၀၀	၂၅၀၀
ငါးကျည်း	॥	၅၈၀၀	၂၅၀၀
ငါးကြင်း	॥	၃၃၀၀	၂၀၀၀
ငါးမြစ်ချင်း	॥	၁၇၀၀	၁၃၀၀
ကကတစ်	॥	၆၅၀၀	၂၅၀၀
ငါးပုဏ္ဏား	॥	၅၅၀၀	၂၅၀၀
မြစ်ငါးတန်	॥	၃၀၀၀	၁၇၀၀
တီလားပီးယား	॥	၂၀၀၀	၁၀၀၀
ငါးဖယ်	॥	၃၃၀၀	၁၇၀၀
ငါးပြေမ	॥	၅၅၀၀	၁၆၀၀
ပုစွန်ကျော့	॥	၂၇၀၀	၂၀၀၀
ပုစွန်ဖော့ချိတ်	॥	၄၇၀၀	၃၀၀၀
ပုစွန်တုပ်ကြီး	॥	၂၈၀၀၀	၁၅၀၀၀

ဝက်သားဈေးနှုန်း	အလေးချိန်	ကျပ်
အသားရှယ်	တစ်ပိဿာ	၇၀၀၀
ပေါင်သား	॥	၆၀၀၀
သုံးထပ်သား	॥	၄၅၀၀

သတင်းနှင့်ဓာတ်ပုံ-အဝယ်တော်ဖိုးထော်

ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေသည့် ရန်ကုန်မြို့ ၃၈ လမ်း ညနေဈေးတန်းမြင်ကွင်း။

ကြက်သား	အလေးချိန်	ကျပ်
CP ကြက်ပေါင်သား	တစ်ပိဿာ	၄၀၀၀
CP ကြက်ရင်အုံသား	॥	၅၀၀၀
CP အသည်းအမြစ်	॥	၅၀၀၀
ဗမာကြက်	॥	၅၀၀၀
ဘဲသား(ရိုးရိုး)	॥	၃၅၀၀
ဘဲငန်းသား	॥	၆၀၀၀

ဆိတ်သား	အလေးချိန်	ကျပ်
အသားသတ်သတ်	တစ်ပိဿာ	၁၃၀၀၀
အရိုးအသား(ရောရာ)	॥	၇၀၀၀
ကလီစာ	॥	၅၀၀၀

အမဲသား	အလေးချိန်	ကျပ်
ပေါင်သား	॥	၆၀၀၀
သောင်းပြောင်း	॥	၄၅၀၀

ဆွေးနွေးဟောပြော

ဇူလိုင် ၁၃ ရက်က အခြေခံပညာအလယ်တန်းအဆင့် အခွန်ဆိုင်ရာပညာပေးဟောပြောပွဲကို အထက(၂) လှိုင်၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဦးက အခွန်ဆိုင်ရာသိကောင်းစရာများ ဆွေးနွေးဟောပြောစဉ်။ (၁၂၂)

နိုင်ငံတကာသတင်းများ

ရုရှားဆိုယုဇ်အာကာသယာဉ် အောင်မြင်စွာလွှတ်တင်

မော်စကို ဇူလိုင် ၁၅

ရုရှားနိုင်ငံက ဆိုယုဇ် အာကာသယာဉ်ကို အာကာသယာဉ်မှူးသစ်သုံးဦးနှင့်အတူ ကာဇက်စတန်ရှိ ဘိုင်ကိုနော အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဇူလိုင် ၁၅ ရက် နံနက်က အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ရုရှားအာကာသရေးရာအရာရှိများက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

လိုက်ပါသွားသော အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ လေးလတာကြာမျှ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းအာကာသယာဉ်မှူးမှာ ရုရှား အာကာသယာဉ်မှူး ယူရီမာလန်ချန်ကို၊ နာဆာအာကာသယာဉ်မှူး ဆူနီတာဝီလီယမ်နှင့် ဂျပန်အာကာသယာဉ်မှူး အကီဟီတိုဟိုရှိဒီတို့ဖြစ်ကြသည်။

ယခုလွှတ်တင်လိုက်သော ဆိုယုဇ်အာကာသယာဉ်သည် ဇူလိုင် ၁၆ ရက်၌ နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့်ချိတ်ဆက်မည်ဖြစ်ပြီး နိုင်ငံတကာအာကာသယာဉ်စခန်း၌ ပြီးခဲ့သည့် မေလကတည်းက ရောက်ရှိနေသော အာကာသယာဉ်မှူး သုံးဦးနှင့်အတူ အာကာသယာဉ်မှူးသစ်သုံးဦးတို့က အာကာသရေးရာလုပ်ငန်းများ ပူးတွဲလုပ်ကိုင်ကြမည်ဖြစ်သည်။

ရုရှားနိုင်ငံက ယခင်ဆိုယုဇ်အာကာသယာဉ်တစ်စင်းကို ပြီးခဲ့သည့် မေ ၁၅ ရက်က နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်ခဲ့ပြီးနောက် နှစ်လခန့်အကြာတွင် ယခုကဲ့သို့ ထပ်မံလွှတ်တင်လိုက်ခြင်းဖြစ်သည်။ ယခုအာကာသယာဉ်လွှတ်တင်ရာ၌ အခက်အခဲအချို့ရှိခဲ့သော်လည်း အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီအကြီးအကဲ ဗလာဒီမာပိုပော့ဗ်ကင်က ပြောကြားသည်။

အဆိုပါ ဆိုယုဇ်အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ အရင်ရောက်ရှိနေသော အာကာသယာဉ်မှူး သုံးဦးကို ပြန်လည်တင်ဆောင်ကာ ဩဂုတ် ၁ ရက်၌ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကွီကျို့ပြည်နယ်၌ မိုးသက်မုန်တိုင်းတိုက်ခတ် ၁၁ ဦးသေဆုံး၊ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်

ကွီရန်း ဇူလိုင် ၁၅

တရုတ်နိုင်ငံ ကွီကျို့ပြည်နယ်၌ ဇူလိုင် ၁၁ ရက်မှစပြီး မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့သဖြင့် အနည်းဆုံး သေဆုံးသူ ၁၁ ဦးရှိပြီး ဒေသခံပြည်သူ ၉၈၀၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ပြည်နယ်ပြည်သူ့ရေးရာဌာနက ဇူလိုင် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သေဆုံးသူ အများစုသည် မိုးသက်မုန်တိုင်းကျရောက်သဖြင့် တောင်ကျရေများ ဒလဟောစီးဆင်းခြင်း၊ မြေပြိုကျခြင်း၊ တောင်ပြိုခြင်းတို့ကြောင့်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **(ယာပုံ)** ဒေသဆိုင်ရာတာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အိုးအိမ်မဲ့သူများအား ဆန်၊ ဆီနှင့် သက်သာထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ ကွီကျို့ပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာရွာသွန်းနေမှုသည် ဇူလိုင် ၁၄ ရက်အထိ အဆက်မပြတ်ရွာသွန်းနေပြီး ဇူလိုင် ၁၆ ရက်အထိ ဆက်လက်ရွာသွန်းနိုင်ကြောင်း ပြည်နယ်မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။ **(အင်တာနက်)**

အာဖရိကလက်နက်ကိုင် ခေါင်းဆောင်နှစ်ဦးအား နိုင်ငံတကာတရားရုံးက ဖမ်းဝရမ်းများထုတ်

သည်ဟိတ် ဇူလိုင် ၁၅

အာဖရိကအိမ်နီးချင်း ရဝမ်ဒါနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် မိမိနိုင်ငံအတွင်းရှိ လက်နက်ကိုင်အုပ်စုကို အခြားနိုင်ငံက အားပေးနေသည်ဟူသော အပြန်အလှန်စွပ်စွဲနေချိန်တွင် ကွန်ဂိုလက်နက်ကိုင်ခေါင်းဆောင်နှင့် ရဝမ်ဒါလက်နက်ကိုင်ခေါင်းဆောင်တို့အတွက် နိုင်ငံတကာရာဇဝတ်တရားရုံး(အိုင်စီစီ)က ဖမ်းဝရမ်းထုတ်လိုက်သည်။

ရဝမ်ဒါဟူတူ လက်နက်ကိုင်ခေါင်းဆောင် မစ္စတာမူဒါဘူမူရာနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ လက်နက်ကိုင်ခေါင်းဆောင် မစ္စတာတာဂန်ဒါတို့အတွက် နိုင်ငံတကာရာဇဝတ်ရုံးက ဇူလိုင် ၁၃ ရက်တွင် ဖမ်းဝရမ်းထုတ်လိုက်ခြင်းဖြစ်သည်။

မစ္စတာ တာဂန်ဒါသည် ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၀၃ ခုနှစ် စက်တင်ဘာလကုန်အတွင်း လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုဖြင့် ဖမ်းဝရမ်းထုတ်ခြင်းဖြစ်သည်။

မစ္စတာမူဒါဘူမူရာမှာ ရဝမ်ဒါနိုင်ငံ၌ ၂၀၀၉-၂၀၁၀အတွင်း ကျူးလွန်ခဲ့သည့်ပြစ်မှုများကြောင့် ၎င်းအား ဖမ်းဝရမ်းထုတ်ခြင်းဖြစ်သည်ဆို၏။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၅-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

ဂျပန်နိုင်ငံ၌ မိုးရွာသွန်းမှု သေဆုံးသူ ၂၀ အထိရှိလာ လူ ၂၅၀၀၀၀ ခန့်အား ရွှေ့ပြောင်းခဲ့ရ

*ဂျပန်နိုင်ငံ ကျူးရှူးကျွန်းတွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ရေလွှမ်းမှုများ **(အပေါ်ပုံ)**နှင့် မြေပြိုမှုကြောင့် သေဆုံးသူအနည်းဆုံး ၂၀ အထိ ရှိလာပြီး နေအိမ်များမှ ရွှေ့ပြောင်း ကယ်ဆယ်ပေးရသူပေါင်း ၂၅၀၀၀၀ ခန့်ရှိသွားပြီဖြစ်ကြောင်း ဇူလိုင် ၁၄ရက်နှောင်းပိုင်းကထုတ်ပြန်သည့် သတင်းတစ်ရပ်တွင်ဖော်ပြသည်။ ဂျပန်နိုင်ငံ ကျူးရှူးကျွန်းတောင်ပိုင်းရှိ ကူမာမိုတိုနှင့် အိုတာစီရင်စုများတွင် ၇၂ နာရီအတွင်း မိုးများစံချိန်တင်ရွာသွန်းမှုကြောင့် မြစ်ရေကြီးမှုနှင့် မြေပြိုမှုများ ခြိမ်းခြောက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ဖူကူအိုကာ၊ ဆာဂါ၊ ကူမာမိုတိုနှင့် အိုတာစီရင်စုများတွင် ရေဘေးဒုက္ခခံစားနေရသည့် အိမ်ထောင်စုပေါင်း ၈၅၀၀ ကို ကယ်ဆယ်ခဲ့ရကြောင်း၊ ဖူကူအိုကာစီရင်စုတစ်ခုတည်းတွင် အိမ်ထောင်စုပေါင်း ၆၅၀၀၀ မှ လူပေါင်း ၁၉၀၀၀၀ အထိ ရွှေ့ပြောင်းကယ်ဆယ်ခဲ့ရကြောင်း ကျိုဒိုသတင်းဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ ကျူးရှူးကျွန်းရှိ နေရာဒေသအချို့တို့တွင် မိုးများရွာသွန်းမှုကြောင့် မိုးရေချိန် တစ်နာရီလျှင် မီလီမီတာ ၁၀၀ နီးပါးရောက်ရှိကာ မိုးပိုမိုရွာသွန်းပြီး မြေပြိုမှုများဖြစ်နိုင်သည်ဟု မျှော်လင့်ရကြောင်း ဂျပန်မိုးလေဝသဌာနမှ ပြောကြားသည်။*

ပါလက်စတိုင်း၌ မီးရှူးမီးပန်းဖောက်ခွဲ လူ ၃၀ ခန့် ဒဏ်ရာရရှိ

ပါလက်စတိုင်းအနောက်ဘက် ရာမာလာမြို့အနီးရှိ မြို့ကလေးတွင် ဇူလိုင် ၁၄ ရက် နံနက်က မင်္ဂလာဆောင်အခမ်းအနား၌ မီးရှူးမီးပန်းများဖောက်စဉ် ပါလက်စတိုင်း လူ ၃၀ခန့် ဒဏ်ရာရခဲ့ကြကြောင်း မျက်မြင်တွေ့သူများနှင့်ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ရာမာလာမြို့မြောက်ဘက် တာမီဆာရာမြို့၌ လက်ထပ်ပွဲအခမ်းအနားကျင်းပရာအဆောင်အတွင်း ဆွေမျိုးမိတ်သင်္ဂဟများက ပျော်ရွှင်စွာကပြကြစဉ် ပေါက်ကွဲမှုရုတ်တရက်ဖြစ်ပွားသည်ဆို၏။

ရာမာလာဆေးရုံသို့ ဒဏ်ရာရသူ ၃၀ ခန့် တက်ရောက်လာကြောင်း၊ လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ရာမာလာဆေးရုံဝန်ထမ်းများက ပြောကြားသည်။ မီးရှူးမီးပန်းများဖောက်ရာတွင် စည်းကမ်းမဲ့စွာပြုလုပ်ခဲ့သဖြင့် ယင်းသို့ဖြစ်ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အင်တာနက်)***

လက်ဘနွန်လေကြောင်းပိုင်နက်အတွင်း အစ္စရေးစစ်လေယာဉ်များ ကျူးကျော်ပျံသန်း

ဘေရွတ် ဇူလိုင် ၁၅

အစ္စရေးထောက်လှမ်းရေးလေယာဉ်နှစ်စင်း **(ယာပုံ)** လက်ဘနွန်လေပိုင်နက်အတွင်းသို့ ဝင်ရောက်ကာ ဖြတ်ကျော်ပျံသန်းခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၇၀၁ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဇူလိုင် ၁၃ ရက်က ထုတ်ပြန်သည့် လက်ဘနွန် စစ်ဘက်ကြေညာချက်တွင် ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီ ၂၅ မိနစ်က အစ္စရေးစစ်လေယာဉ်နှစ်စင်း လက်ဘနွန်နိုင်ငံ လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာကြောင်း ဖော်ပြထားသည်။

အစ္စရေးစစ်လေယာဉ်များသည် နိုင်ငံတောင်ပိုင်းနယ်စပ်ဖြတ်ကျော်ပျံသန်းပြီး လက်ဘနွန်ကျေးရွာ နယ်မြေပေါ်မှ ဖြတ်ပျံကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ချိုးဖောက်ကာ လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **(အင်တာနက်)**

မှောင်ခိုတင်ပို့မည့် သန္တာကောင်နှင့်ငါးများ ဖိလစ်ပိုင်လေဆိပ်တစ်ခု၌ သိမ်းဆည်းရမိ

မနီလာ ဇူလိုင် ၁၅

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ နီနိုအကွီနိုနိုင်ငံတကာလေဆိပ် **(ဝဲပုံ)**တွင် ဇူလိုင် ၁၄ ရက်က ဂျပန်နိုင်ငံသို့ မှောင်ခိုခိုးထုတ်ရန် စီစဉ်ထားသည့် ခရီးဆောင်အိတ်များအတွင်းမှ သန္တာကောင်များနှင့်ရှားပါးငါးအရှင်များကို လေဆိပ်အကောက်ခွန်အရာရှိများက ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း ဇူလိုင် ၁၅ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ သန္တာကောင်များနှင့် ငါးများကို ဂျပန်နိုင်ငံ ဖူကူအိုကာမြို့လေဆိပ်သို့ တင်ပို့ရန်ဖြစ်ကြောင်း လေဆိပ်အကောက်ခွန်အဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံ ငါးနှင့်သယံဇာတရေးရာဗျူရိုမှ အရာရှိများက ပြောကြားသည်။

၎င်းသန္တာကောင်ပေါင်း ၁၄၉ ကောင်နှင့် ငါးများကို ခရီးဆောင်အိတ်ငယ် ၃၃ အိတ်အတွင်း တွေ့ရှိရခြင်းဖြစ်သည်။ အဆိုပါ ပင်လယ်ပျော်ရှားပါးငါးများနှင့် သန္တာကောင်များအပါအဝင် သဘာဝသယံဇာတများကို ဖိလစ်ပိုင်နိုင်ငံ၌ ၁၉၉၈ ခုနှစ်မှ စတင်ကာ ပြည်ပသို့ ထုတ်ယူရောင်းချခြင်းကို ဥပဒေပြဋ္ဌာန်း ပိတ်ပင်ထားခဲ့သည်။

အဆိုပါ သန္တာကောင်များနှင့် ရှားပါးငါးများကို ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ ကာမာတူကူအရပ်ရှိ နီရှီတာကာဆူအိမ်လိပ်စာသို့ လိပ်စာတပ်ပေးပို့ရန် စီစဉ်ထားခြင်းဖြစ်သည်။ ဖိလစ်ပိုင်အရာရှိများက အဆိုပါမှောင်ခိုထုတ်ရန် ကြိုးစားသူများကို ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။ **(အင်တာနက်)**

ဂွမ်တာနာမို အကျဉ်းသားအချို့အား စိတ်ငြိမ်ဆေးကျွေးဟုဆို

ဝါရှင်တန် ဇူလိုင် ၁၅

ဂွမ်တာနာမိုအကျဉ်းသားအချို့ကို စစ်ဆေးမေးမြန်းခဲ့စဉ် စိတ်ငြိမ်ဆေးများကျွေးခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်က မကြာသေးမီအတွင်းထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အကျဉ်းသားများအား စစ်ဆေးမေးမြန်းစဉ် စိတ်ငြိမ်ဆေးများကျွေးမှုကို နှစ်နှစ်ကြာစုံစမ်းပြီးနောက် အမေရိကန်ကာကွယ်ရေးဌာန စစ်ဆေးရေးအရာရှိချုပ်၏ စာမျက်နှာ ၄၁ မျက်နှာရှိ အစီရင်ခံစာ၌ ဖော်ပြထားသည်။ အမေရိကန်စစ်ဌာနချုပ်မှထုတ်ပြန်ခဲ့သည့် စာမျက်နှာ ၄၁ မျက်နှာရှိ ယင်းအစီရင်ခံစာကို သတင်းလွတ်လပ်ခွင့် ဥပဒေအရ ရယူထုတ်ပြန်ခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဇူလိုင် ၁၅ ရက်က ဖော်ပြထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ကမ္ဘာ့စီးပွားရေးတိုးတက်မှု အလားအလာ

တိုး

ရေးသားသည်

မျက်မှောက်ကာလမှာ ၂၀ ရာစုနှစ်က အခြေအနေနှင့်နှိုင်းစာလျှင် သိပ္ပံနည်းပညာများ တိုးတက်ပြီး ပိုမိုခေတ်မီလာပြီ ဟုဆိုနိုင်သော်လည်း တစ်ဖက်တွင် ၂၀ရာစုနှစ်က လူ့ဘောင်ပတ်ဝန်းကျင်ထက် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့လူဦးရေ တိုးတက်လာမှုတို့၏ ဝန်ထုပ်ဝန်ပိုးမှာ ယခုအခါ ပိုမိုကြီးမားလာသည်ဟု တစ်ဖက်ကဆိုနိုင်သည်။

သန်းပေါင်း ၇၀၀၀ ကျော်သည့် ကမ္ဘာ့ပြည်သူတို့ မကြောင့်မကြ မတောင့်မတဘဲ အေးအေးချမ်းချမ်း နေထိုင်ရေးအတွက် ကမ္ဘာ့စီးပွားရေး မှန်မှန်တိုးတက်နေရန် အထူးပင်လိုအပ်ပါသည်။ စီးပွားရေးအခြေခံအဆောက်အအုံ ခိုင်မာတိုးတက်ရန် တစ်ကမ္ဘာလုံး ငြိမ်းချမ်းနေပါပြီလော။ ထိုသို့ကား မဟုတ်ပါချေ။ အကြမ်းဖက်မှုများ၊ အစွန်းရောက်ဝါဒီများ၏ ပယောဂကြောင့် ကမ္ဘာ့တိုက်ကြီးများတွင် ဒေသအလိုက်ပဋိပက္ခများ ကင်းရှင်းသည် မရှိ။ သဘာဝဘေးအန္တရာယ်များနှင့် စီးပွားရေးကျင့်သုံးမှု မှားယွင်းခြင်း စသည်တို့ကြောင့် မျက်မှောက်ကမ္ဘာ့စီးပွားရေးမှာ စိုးရိမ်ဖွယ်ဖြစ်သည်။

ဤအဆိုမှန်ကန်ကြောင်းကို နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ဦးဆောင်ညွှန်ကြားရေးမှူး ခရစ္စတင်းလာဂတ်၏ တိုကျိုမြို့တော်၌ ဇူလိုင် ၆ ရက်က ပြောကြားသည့် မိန့်ခွန်းက ပြသလျက်ရှိသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်တကွ ထွန်းသစ်စ စီးပွားရေးနိုင်ငံများ၏ စီးပွားရေးကျဆင်းမှုကြောင့် ကမ္ဘာ့စီးပွားရေးမှာ စိုးရိမ်စရာဖြစ်လာကြောင်း၊ လွန်ခဲ့သည့်လ အနည်းငယ်အတွင်းတွင် ကမ္ဘာ့စီးပွားရေး လက္ခဏာက ဥရောပ၊ အမေရိကန်နှင့် ထွန်းသစ်စ စီးပွားရေးနိုင်ငံများ၏ ဈေးကွက်ကို စိုးရိမ်စရာဖြစ်လာစေကြောင်း အိုင်အမ်အက်ဖ်အကြီးအကဲ ခရစ္စတင်းလာဂတ်က ပြောကြားခဲ့သည်။

အမေရိကန်စီးပွားရေးခိုင်မာမှုနှင့် ပတ်သက်၍ နောက်ဆုံးအချက်အလက်များပေးမည့် ဇွန်လအတွက် အမေရိကန်အလုပ်အကိုင်များဆိုင်ရာ အစီရင်ခံစာကို ကမ္ဘာ့ဈေးကွက်များက စောင့်ဆိုင်းစဉ် အိုင်အမ်အက်ဖ် အကြီးအကဲ ခရစ္စတင်းလာဂတ်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန် စီးပွားရေးမှာ နှစ်အတန်ကြာ ပြဿနာများနှင့် နပန်းလုံးနေရပြီး တိုးတက်မှု အရှိန်အဟုန်များကင်းမဲ့ခဲ့သည်။

ကမ္ဘာ့ထိပ်တန်း စီးပွားရေးနိုင်ငံများ၏အခြေအနေမှာ မကြာမီလများအတွင်း ဆိုးရွားလာသည့်အတွက် အိုင်အမ်အက်ဖ်က ကြိုတင်ခန့်မှန်းထားသည်များကို ယခုအခါ လျှော့တန်လျှင် လျှော့ရမည်ဖြစ်သည်။ ဇူလိုင် ၁၆ ရက်တွင် အိုင်အမ်အက်ဖ်က ကမ္ဘာ့စီးပွားရေး အလားအလာ အစီရင်ခံစာကို ထုတ်ပြန်မည်ဖြစ်သည်။

ထို့ကြောင့် အိုင်အမ်အက်ဖ်အကြီးအကဲ ခရစ္စတင်းလာဂတ်က အမေရိကန်အစိုးရအား အတော်အသင့် စီးပွားရေး နာလန်ထူရေး ဆက်လက်ကြိုးပမ်းအားထုတ်ရန် တိုက်တွန်းထားသည်။

မိမိ အဓိကထားပြောလိုသည်မှာ အမေရိကန်စီးပွားရေး နာလန်ထူရေးမှာ အားတက်သရေမရှိကြောင်း အိုင်အမ်အက်ဖ်အကြီးအကဲက ထောက်ပြလိုက်သည်။ ထို့နောက် အမေရိကန်စီးပွားရေးကို ဥရောပစီးပွားရေးအခြေအနေနှင့် ကြွေးမြီကိစ္စတို့က ခြိမ်းခြောက်နေကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်စီးပွားရေးမှာ ၂၀၁၂ ခုနှစ်တွင် ၂ ရာခိုင်နှုန်းသာတိုးတက်ပြီး ၂၀၁၃ခုနှစ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မည်ဟု အိုင်အမ်အက်ဖ်က ခန့်မှန်းသည်။ အမေရိကန်စီးပွားရေး တိုးတက်မှု နှေးကွေးလျက်ရှိသည်။

ကမ္ဘာ့ စီးပွားရေး တိုးတက်မှု နှေးကွေးလျက်ရှိရာ တိုးတက်ဖွံ့ဖြိုးပါသည် ဆိုသော အမေရိကန်နိုင်ငံတွင်လည်း အပြင်ပန်း ရုပ်ပိုင်းဆိုင်ရာ အသာစီးရနေပြီး အတွင်းပိုင်းတွင်မူ စီးပွားရေးပြဿနာများနှင့် နပန်းလုံး နေကြရသည်။

ယင်းသို့ဖြစ်ရသည်မှာ ငွေကြေးအကျပ်အတည်းကြုံကာ မရွေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့်အိမ်ခြံမြေလုပ်ငန်းကြီး ပျက်ပြီးနောက်ကြုံရတတ်သည့်သဘာဝကြောင့် အထူးအဆန်းမဟုတ်ဟုဆိုသည်။

ဥရောပ ကြွေးမြီကိစ္စနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ(အီးယူ) ခေါင်းဆောင်များ၏ ကြိုးပမ်းမှုများကို အိုင်အမ် အက်ဖ်အကြီးအကဲ ခရစ္စတင်းလာဂတ်က ချီးကျူးပြောဆိုသည်။ သို့သော် ယူရိုဇုန်အကျပ်အတည်း ပြေလည်ရေး အတွက် ယခုထက် ပိုမိုကြိုးပမ်းကြရန် ၎င်းက တိုက်တွန်းလိုက်သည်။

အီးယူခေါင်းဆောင်များအနေဖြင့် အရေးပါသောလုပ်ငန်းအချို့ကို လုပ်ကိုင်ကြသည်မှာ မှန်ပါသည်။ သို့သော် ယခုထက်ပို၍ ပြုပြင်ပြောင်းလဲပြီး စီးပွားရေးလုပ်ငန်းများကို အခိုင်အမာ အကောင်အထည်ဖော်ကြရန်လည်း လိုအပ်ကြောင်း ၎င်းက တိုက်တွန်း နှိုးဆော်လိုက်သည်။

ကမ္ဘာ့စီးပွားရေး တိုးတက်မှုမှာ ခန့်မှန်းထားသည်ထက် ပိုမိုလျော့နည်းမည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်အကြီးအကဲက တိုကျိုစီးပွားရေးစာတမ်းဖတ်ပွဲတွင် ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု လွန်ခဲ့သည့် သုံးလက ကြိုတင်ခန့်မှန်းခဲ့သည်။ ယခုတော့ ကျရိပ်ရှိနေသည် မဟုတ်ပါလား။

ဥရောပ ကြွေးမြီပြဿနာသည် ဥရောပနိုင်ငံများသာမက တစ်ကမ္ဘာလုံးကို ရိုက်ခတ်လျက်ရှိရာ ယူရိုဇုန်ပြဿနာပြေလည်ရေးသည်လည်းကောင်း၊ အမေရိကန်၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယ စသည့်နိုင်ငံများ၏ စီးပွားရေးတိုးတက်ရန် ကြိုးပမ်းမှုများသည်လည်းကောင်း ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် အဓိကကျသည်။

သို့မဟုတ်ပါက ကမ္ဘာ့စီးပွားရေးသည် ၁၉၂၉-၁၉၃၀ ပြည့်နှစ်များက အဖြစ်ဆိုးမျိုး ကြုံတွေ့နိုင်ပါကြောင်း. . .။ ။

အာကာသသိပ္ပံ

မိုးမြင့်လင်းလက် – ရေးသည်

အော်ရီရွန်အမည်ရှိ အာကာသစခန်းယာဉ်သစ် နာဆာက ၂၀၁၄ ခုနှစ်၌ လွှတ်တင်မည်

ကိတ်ကာနေဗယ် ဇူလိုင် ၁၅

လူလိုက်ပါခြင်းမရှိသည့် အော်ရီရွန်အမည်ရှိ အာကာသလေ့လာရေးစခန်းယာဉ်အသစ်တစ်စင်းကို နာဆာမှ ၂၀၁၄ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းအာကာသစခန်းယာဉ်မှာ ဒီဇိုင်းပုံစံအသစ်ပြုလုပ်ထားခြင်းဖြစ်ပြီး နေဂြိုဟ်နှင့် အခြားကြယ်တာရာများကိုလည်း ချဉ်းကပ်လေ့လာရန် စီစဉ်ထားကြောင်း နာဆာက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါအာကာသလေ့လာရေးစခန်းယာဉ်သည် အမေရိကန်နိုင်ငံရှိ ကနေဒီ အာကာသယာဉ်စခန်းသို့ ဇူလိုင် ၂ ရက်ကတည်းက ရောက်ရှိလာပြီး စစ်ဆေး



ပြင်ဆင်မှုများနှင့် တပ်ဆင်မှုများပြုလုပ်လျက်ရှိသည်။ **(အပေါ်ပုံ)** ယခု အာကာသစခန်းယာဉ်သစ်သည် လွန်ခဲ့သောနှစ် ၄၀ ခန့်က လသို့လေ့လာရေး စေလွှတ်ခဲ့သော နာဆာ၏ အာကာသယာဉ်ပုံစံနှင့်လည်း တူညီသည်။

နာဆာ၏အာကာသရေးရာအင်ဂျင်နီယာများက ယခင်စေလွှတ်ခဲ့သော အာကာသယာဉ်များထက် ပိုမိုမြင့်မားသည့်နေရာအထိ ရောက်ရှိနိုင်ရန်နှင့် ပိုမိုလျင်မြန်သောနှုန်းဖြင့် ရွေ့လျားနိုင်ရန်အတွက် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အနာဂတ်ကာလတွင် အာကာသရေးရာလေ့လာမှုများအတွက် အာကာသစခန်းယာဉ်သစ်များ တည်ဆောက်မည့် နာဆာ၏ခြေလှမ်းသစ်တစ်ရပ်လည်းဖြစ်သည်။

ယခုအာကာသစခန်းယာဉ်သစ် လွှတ်တင်မှုအောင်မြင်ပြီး အာကာသ၌ ပုံမှန်လုပ်ငန်းများဆောင်ရွက်နိုင်ပါက လာမည့် ၂၀၂၁ ခုနှစ်တွင် လူလိုက်ပါမည့် အာကာသစခန်းယာဉ်ကို လွှတ်တင်ရန် နာဆာက မျှော်မှန်းထားသည်။

၂၀၁၄ ခုနှစ်တွင် စမ်းသပ်လွှတ်တင်မည့် အာကာသစခန်းယာဉ်အော်ရီရွန်ကို အမေရိကန်လုပ် ဒေလ်တာ-၄ ဒုံးပျံဖြင့် အမေရိကန်နိုင်ငံ ကိတ်ကာနေဗယ်လေတပ်အခြေစိုက်စခန်းမှ လွှတ်တင်ရန်စီစဉ်ထားသည်။ ၎င်းအာကာသစခန်းယာဉ်သစ်သည် ကမ္ဘာဂြိုဟ်မှ အမြင့်မိုင် ၃၆၀၀ ခန့်တွင် လှည့်လည်ကာ အာကာသရေးရာ လေ့လာမှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

လူအများဆုံး စုပေါင်းစီတန်းကပြဖျော်ဖြေမှု အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စံချိန်တင်ဆင်နွှဲ

နယူးယောက် ဇူလိုင် ၁၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ လူအများအပြားက စီတန်းပြီး စုပေါင်းကပြခဲ့ရာ ကမ္ဘာပေါ်တွင်လူဦးရေအများဆုံးစီတန်းပြီး ကပြဖျော်ဖြေခြင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇူလိုင် ၉ ရက်က ဖော်ပြခံခဲ့ရသည်။

နယူးယောက်မြို့နေ အမျိုးသား၊ အမျိုးသမီး ၂၅၆၉ ဦးတို့က စုပေါင်းပြီး စီတန်းကာ တေးဂီတသံစဉ်နှင့်အတူ စုပေါင်းကပြဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ ကပြဖျော်ဖြေရာတွင် အသက်အရွယ်ငယ်သော လူငယ်အမျိုးသား၊ အမျိုးသမီးများလည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(အောက်ဝဲပုံ)**

ထိုသို့စုပေါင်းကပြမှုကို အေအမ်ရေဒီယို အသံလွှင့်ဌာနကလည်း တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ လူအများစီတန်းကပြနေချိန်တွင် အဆိုတော် လူရီနှင့် တေးဂီတ ထုတ်လုပ်သူ ဒိန်းဂျန်းတို့လည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဖျော်ဖြေ

တစ်ဖန် အဆိုတော် လူရီကလည်း တေးသီချင်း သီဆိုကာ သံစဉ်နှင့်အတူ ပါဝင်ကပြဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။ ယခင်က လူအများစုပေါင်းကာ ကပြသည့် လူဦးရေမှာ ၁၀၀၀ ခန့်သာရှိခဲ့သဖြင့် ယခု လူအများဆုံး စနစ်တကျဖြင့် ကပြခဲ့သည့်ပွဲမှာ ကပြသူ လူဦးရေအများဆုံး မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မျက်လုံးကိုအဝတ်စည်းပြီး ကြိုးတန်းပေါ် လမ်းလျှောက်နိုင်သူ

ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံသား ဘိုင်စီကိုင်ရာအမည်ရှိ အမျိုးသားတစ်ဦးသည် မြေပြင်မှ ၆၅ ပေအမြင့်တွင် တန်းထားသောကြိုးတန်းပေါ်၌ မျက်လုံးကို အဝတ်ဖြင့်စည်းကာ အောင်မြင်စွာ လမ်းလျှောက်ပြနိုင်ခဲ့ကြောင်း ဇူလိုင် ၁၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘိုင်စီကိုင်ရာသည် ဟူနန်ပြည်နယ် ပင်ကျန်းစီရင်စုတွင် မြေပြင်မှ ၆၅ ပေ အမြင့်တွင် သွယ်တန်းထားသော ၂၂၉၇ ပေ ရှည်သည့် ကြိုးတန်းပေါ်၌ သူ၏ မျက်လုံးကို အဝတ်ဖြင့် စည်းကာ အချိန်မိနစ် ၅၀ အတွင်း လမ်းလျှောက်ပြနိုင်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အာကာဟိန်း - ရေးသားသည်

၁၉၅၀ ခုနှစ်ကထုတ်လုပ်ခဲ့သော ကားပျံတစ်စင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၉ သန်းဖြင့်ရောင်းမည်

ဝါရှင်တန် ဇူလိုင် ၁၅

အမေရိကန်နိုင်ငံမှ ထူးဆန်းသော လေယာဉ်နှင့်ကားများကို စုဆောင်းသူ ဂရစ်ဟာရစ်က သူဝယ်ယူစုဆောင်းထားသော ၁၉၅၀ ခုနှစ်က ထုတ်လုပ်ခဲ့သည့် ကားပျံတစ်စင်းကို အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၉ သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း ဇူလိုင် ၁၅ ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ကားပျံကို ၁၉၄၅ ခုနှစ်က မူလ်တန်တေလာအမည်ရှိ ဒီဇိုင်းပညာရှင်တစ်ဦးက ပုံစံရေးဆွဲကာ ၁၉၅၀ ခုနှစ်တွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကားပျံအမျိုးအစားကို စုစုပေါင်း ငါးစင်းသာထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အဲရိုကားဟု အမည်ပေးထားခဲ့သည်။ ယခုရောင်းချမည့်ကားပျံမှာ ကိုယ်ထည်အရှေ့ပိုင်းတွင် အဝါရောင်ခြယ်သထားပြီး ကိုယ်ထည်နောက်ပိုင်းကို အနက်ရောင်ခြယ်သထားသည်။ တောင်ပံနှင့် ကိုယ်ထည်နောက်ပိုင်းတို့မှာ အလိုအလျောက်သိမ်းဆည်းနိုင်အောင် တီထွင်ထားသည်။ **(အပေါ်ပုံ)**

မြေပြင်၌ မောင်းနှင်နေစဉ် မော်တော်ကားတစ်စီး၏ သွင်ပြင်ဒီဇိုင်းအဖြစ် ပြောင်းလဲမောင်းနှင်နိုင်မည်ဖြစ်သည်။ ၎င်းမော်တော်ကားသည် ဝဲဟင်၌ပျံသန်းပါက တောင်ပံနှစ်ဖက်နှင့် ကိုယ်ထည်နောက်ပိုင်းတို့မှာ အလိုအလျောက် လေယာဉ်တစ်စင်းအလား ပြောင်းလဲသွားမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသား ဂရစ်ဟာရစ်တွင် လက်ရှိအချိန်၌ ထူးဆန်းသော ယာဉ်အစီးပေါင်း ၄၀ကျော်ကို ဝယ်ယူစုဆောင်းထားလျက်ရှိသည်။ **(အင်တာနက်)**

မြစ်သာရေလှောင်တမံစီမံကိန်း ၄၅ ရာခိုင်နှုန်းခန့်ပြီးစီး ရေအားလျှပ်စစ်ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်နိုင်မည်

နေပြည်တော် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် ပခုက္ကူခရိုင် ရေစကြိုမြို့အဝင်ရှိ ပညင်းမြောင်းအား ချင်းတွင်းမြစ်ရေဝင်ရောက်ရန် ဆောင်ရွက်နေမှု၊ မြစ်ရေဝင်ပြီးပါက စပါးစိုက်ပျိုးမည့်ဧက ၂၀၀ အတွက် ထယ်ရေး ပြင်ဆင်ခြင်းနှင့် ပျိုးထောင်ထားရှိမှု၊ မင်းရွာလျှပ်စစ်မြစ်ရေတင် စက်များကွဲခိုင်မှု၊ ရေမြောင်းအတွင်း ရေပေးဝေမှု၊ လျှပ်စစ်မြစ်ရေတင်ဖြင့် တောင်သူဦးအောင်ကြည်၏ နွေစပါး၊ ပုလဲသွယ်မျိုးစပါးစိုက်ပျိုးမှု ၆ ဧကမှ ၄ ဧက ရိတ်သိမ်းခြွေလှေ့နေမှု၊ မကွေးတိုင်းဒေသကြီး နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆက်စပ်သော မိုင်တိုင်အမှတ် ၄၂၅ ရှိ ဝက်ခုတ်တံတား ကွဲခိုင်မှုနှင့်ပြုပြင်ပြီးစီးမှု၊ မြိုင်မြို့နယ် ပန်းစွာ ကျေးရွာတွင် မျိုးစပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် ရိတ်သိမ်းနေမှု၊ မြေအောက်ရေနှင့် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ မြစ်သာမြစ်ကူးကြိုးတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၁၂ ရက် နံနက် ၇နာရီတွင် ဂန့်ဂေါခရိုင်ပြည်သူ့ဆေးရုံ တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အရန်သားဖွားသင်တန်းသူများနှင့် တွေ့ဆုံသည်။ ထို့နောက် ဂန့်ဂေါမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်အတူ နံနက် ၈ နာရီခွဲတွင် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မြစ်သာတမံစီမံကိန်း လုပ်ငန်းနယ်မြေအနီးရှိ ပနန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စပယ်ရွာ၊ ယင်းမာရွာ၊ စင်ပံရွာနှင့် ပနန်းကျေးရွာများမှ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ မြစ်သာတမံစီမံကိန်းလုပ်ငန်းများ ပြီးစီးပါက ဂန့်ဂေါခရိုင်အတွင်း တိုးတက်ဖြစ်ထွန်းလာမည့်အခြေအနေများ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာသူ ကျေးရွာသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိလာမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး စာသင်ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းစိမ်းလုံချည်များကို ပေးအပ်ခဲ့သည်။

အဆိုပါ ဂန့်ဂေါခရိုင် ဂန့်ဂေါ မြို့နယ်ရှိ မြစ်သာစီမံကိန်းသည် ရေဆင်းဧရိယာ စတုရန်းမိုင် ၇၀၀ ရှိသော မြစ်သာမြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်ထားပြီး ရေသိုလှောင် ဧကပေ ၃၇၇၆၀၀ ရှိ၍ စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ် ရေအားလျှပ်စစ်ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်လုပ်နိုင်ပြီး ဆည်ရေသောက် ဧရိယာ ၁၂,၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်ကြောင်းနှင့် ယခုအခါ စီမံကိန်းတစ်ခုလုံးပြီးစီးမှုမှာ ၄၅ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီတွင် ဆောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးစီး၍ ဆောမြို့နယ် မင်းလယ်ကျေးရွာ တောင်သူဦးဝင်းတင်၏ ယာမြေအတွင်း '၀၃' စမ်းသပ်စိုက်ပျိုးနေမှုနှင့် ဆော-ကန်ဖွန်းမ-ဆိပ်ဖြူ ကားလမ်း ပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ တက်ရောက်

ရန်ကုန် ဇူလိုင် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် Malteser International (Myanmar)၊ Danish Refugee Council (DRC)၊ International Rescue Committee (IRC) အဖွဲ့အစည်းသုံးခုတို့ နားလည်မှုစာချွန်လွှာ (Memorandum of Understanding -MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနား **(အပေါ်ပုံ)**ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အမှာစကားပြောကြားပြီး နားလည်မှုစာချွန်လွှာကို နှစ်ဖက်အဖွဲ့အစည်းများမှ အကြီးအကဲများက လက်မှတ်ရေးထိုးလဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ နံနက် ၂နာရီ ၂၈ မိနစ် ၄၄စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၅၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (အိန္ဒိယနိုင်ငံ ကိုဟီးမားမြို့ အရှေ့-အရှေ့တောင်ဘက်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ ***(သတင်းစဉ်)***

ကြိုတင်အသိပေးကြေညာ

ရန်ကုန် ဇူလိုင် ၁၅

(၆၅)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ ဂါရဝပြုလာရောက်လေ့လာကြမည့် ပြည်သူများအနေဖြင့် ပန်းခွေ၊ ပန်းခြင်း၊ ပန်းစည်းအမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုးကို ယူဆောင်၍ ဝင်ရောက်ခွင့်မပြုကြောင်း ကျင်းပရေးကော်မတီက ကြိုတင်အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် လောက်ကိုင်မြို့နယ် မန်တုံပါးကျေးရွာအနီး တရားမဝင်မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၅

ဇူလိုင် ၉ ရက် ညနေပိုင်းက ရှမ်းပြည်နယ် လောက်ကိုင်မြို့နယ် မန်တုံပါးကျေးရွာအနီးရှိ မူးယစ်ဆေးဝါး ချက်လုပ်နေသော လီရှောက်ချင်း၏ နေအိမ်မှ တရားမဝင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။ **(အောက်ဝဲပုံ)**

ဖြစ်စဉ်မှာ လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်စိုးဝင်း ဦးစီးအဖွဲ့နှင့် ကွမ်းလုံ(မူးယစ်) ကြီးကြပ်သူ ဒုတိယရဲမှူးညွန့်လွင် ဦးစီးသောအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၉ ရက် ညနေ ၃နာရီခွဲတွင် လောက်ကိုင်မြို့မှ (၁၇)မိုင်အကွာ မန်တုံပါးကျေးရွာအနီးရှိ မူးယစ်ဆေးဝါးချက်လုပ်နေသော လီရှောက်ချင်း၏ နေအိမ်သို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ အိမ်ရှင်လီရှောက်ချင်းပါ တရားခံအမျိုးသားရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား မူးယစ်ဆေးဝါးချက်လုပ်နေစဉ် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ PIETRO Beretta 9mm ပစ္စတိုတစ်လက်၊ ၎င်းကျည် လေးတောင့်၊ မူးယစ်ဆေးဝါးဖြစ်သော အိုက်စ်အခဲ ၇၃ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၇၃၀၀)၊အိုက်စ်အရည် ၂၇၄ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၇၅သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း၂၀၅၅၀)၊ ခပ်ခူး ၃ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၁၂၀၀နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၃၆၀၀)၊ ဖော်စဖိတ် ကီလို ၁၂၀၊ အက်စစ်တစ် အက်စစ် ၉ ဒသမ ၅ လီတာနှင့် ဆက်စပ်ပစ္စည်း၂၂မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၃၁၄၅၀အား သိမ်းဆည်းရမိခဲ့သည်။

သက်သေခံမူးယစ်ဆေးဝါးများ၊ ချက်လုပ်ဆဲ မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ မူးယစ်ဆေးဝါးချက်လုပ်နေစဉ် ဖမ်းဆီးရမိသော တရားခံ လီရှောက်ချင်း(ခ) လီကျုံးချင်း (၅၀)နှစ် (ဘ)ဦးလီကျိမ်းကြာ၊ ကိုး ကန့်/ဗုဒ္ဓ၊ တုံချိန်ရပ်ကွက်(၁) လောက်ကိုင်မြို့၊ လူလောက်ဝူ (၃၀)နှစ် (ဘ) ဦးလူလောက်လူး၊ ကိုးကန့်/ဗုဒ္ဓ၊ စဥ့်ကိုင်ကျေးရွာ လောက်ကိုင်မြို့နယ်၊ လူလောက်ဟော်(၂၇)နှစ် (ဘ)ဦးလူလောက်လူး၊ ကိုးကန့်/ဗုဒ္ဓ၊ စဥ့်ကိုင်ကျေးရွာ လောက်ကိုင်မြို့နယ်၊ မော်ညိုကျူး (ခ) ကျော်စိန်ဝင်း (၂၄)နှစ် (ဘ)ဦးလုံပေါက်၊ ကိုးကန့်/ဗုဒ္ဓ၊ အမှတ်(၁၂၆) သံလွင်လမ်း ရပ်ကွက် (၁၂) လားရှိုးမြို့၊ မော်စိုင်းဆိုင်(၁၈)နှစ် (ဘ)ဦးမော်ကျိန်းမင်၊ ကိုးကန့်/ဗုဒ္ဓ၊ ကာမိုင်း မိုင်မောင်ကျေးရွာ ကွမ်းလုံမြို့နယ်၊ မော်လောက်ဝူ(ခ) မော်ထူးထယ် (၂၉)နှစ် (ဘ) ဦးမော်ရွှေလုံ၊ ကိုးကန့်/ဗုဒ္ဓ၊ ပါစင်ကျော်ကျေးရွာ လောက်ကိုင်မြို့နယ်၊ စီရှောက်ချန်(ခ) စီအားချန်(၄၁)နှစ် (ဘ) ဦးစီရှောက်လောက်၊ ကိုးကန့်/ဗုဒ္ဓ၊ အမှတ် (၅၁)၊ သီတာလွင်လမ်း ရပ်ကွက်(၇) လားရှိုးမြို့နှင့် ထောင်ရှောက်လင့် (၂၄)နှစ် (ဘ)ဦးတောင်ရှမ်းဖ၊ ကိုးကန့်/ဗုဒ္ဓ၊ လူကော်မရွာ တောက်ရွှေအုပ်စု လောက်ကိုင်မြို့နယ်နှင့်အမျိုးသမီးတရားခံတစ်ဦးမှာ လူရှောက်စန်း(ခ) လူစင်းကျူး (၄၀)နှစ် (ဘ) ဦးလူလောက်လူး၊ ကိုးကန့်/ဗုဒ္ဓ၊ တုံချိန်ရပ်ကွက် (၁) လောက်ကိုင်မြို့တို့အား လောက်ကိုင်ရဲစခန်းမှ မယ(ပ) ၄/၂၀၁၂၊ မူး/စိတ် ပုဒ်မ ၁၅/၁၆(ခ)/၁၉(က)/၂၁/၂၂(ခ)အရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာလူငယ်များနေ့ (၂၀၁၂) အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှစီစဉ်သော နိုင်ငံတကာလူငယ်များနေ့ (၂၀၁၂) အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ယခုနှစ် ဦးတည်ချက်ဖြစ်သော Building a Better World: Partnering with Youth ခေါင်းစဉ်နှင့် စပ်လျဉ်းသောစာတမ်း (မြန်မာ-အင်္ဂလိပ် ကြိုက်နှစ်သက်ရာဘာသာ)များကို ဇူလိုင် ၂၇ ရက် (သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အပေါ်ဆုံးထပ်ရှိ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်သို့ ပေးပို့နိုင်ကြောင်းနှင့် ဖတ်ကြားရန် ရွေးချယ်ခံရသောစာမူများကို ဩဂုတ် ၆ ရက်နေ့တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၃၉၉၀၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

မြန်မာ့အလင်း **မှုခင်းသတင်း**

မြောင်းမြမြို့၌ ဆိုင်ကယ်နှင့် ထော်လာဂျီယာဉ်တိုက်မှုဖြစ်ပွား

မြောင်းမြ ဇူလိုင် ၁၅

မြောင်းမြမြို့၌ ဇူလိုင် ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်က ထော်လာဂျီယာဉ်နှင့် မော်တော်ဆိုင်ကယ်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မြောင်းမြမြို့နယ် ညောင်ကုန်းကျေးရွာမှ စံရွှေမြင့်(ဘ) ဦးငမုန် အသက် ၂၇ နှစ်သည် ဒေါ်သန်းဝေဝေ အသက် ၆၀ နှစ်ကို နောက်၌တင်ဆောင်ပြီး မြို့ထဲမှ ညောင်ကုန်းကျေးရွာသို့အပြန် ဆောက်လုပ်ရေးတံဆိပ်တပ် လုပ်ငန်းသုံး ထော်လာဂျီယာဉ် (ဒေသအခေါ် ဒိန်းဒေါင်းယာဉ်)ကို ဂုန်နီစက်ရုံ မြသီတာရပ်ကွက်နေ မောင်ကြံတိုင်းအောင်(ဘ)ဦးသိန်းရန် အသက် ၂၆ နှစ်က လမ်းခင်းကတ္တရာကျိုရန် ထင်းသွားပို့ပြီးအပြန် ဘုရားချောင်းလမ်းမကြီးမှ ပြည်ခိုင်ဖြိုးလမ်းသို့ ကွေ့အဝင် တိုက်မိကြရာ ဆိုင်ကယ်မှာ ထော်လာဂျီယာဉ်အောက်တွင် ရှေ့မီးခွက်ပြုတ်ထွက်၊ ကိုယ်ထည်ပျက်စီးပြီး ဆိုင်ကယ်ပေါ်ပါလာသူ ဒေါ်သန်းဝေဝေမှာ ဝဲလက်ကောက်ဝတ်နှင့် ညာခြေသလုံးပြင်းထန် ထိခိုက်ဒဏ်ရာရရှိကာ ဆိုင်ကယ်မောင်းသူမှာ ဝဲခြေမျက်စိ ထိခိုက်ဒဏ်ရာ၊ ဝဲပခုံးဆောင့်မိဒဏ်ရာများဖြင့် မြောင်းမြပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိသည်။

လမ်းညွှန်များထားရှိ

မြောင်းမြမြို့ပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း၊ ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း ပြုလုပ်လျက်ရှိသော်လည်း ယာဉ်မောင်းသူများမှာ လိုက်နာဆောင်ရွက်မှု အားနည်းလျက်ရှိသေးကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်မှ မော်တော်ယာဉ်တင်သွင်းခွင့် ဥပဒေ ပြဋ္ဌာန်းပြီးချိန်မှစ၍ မြောင်းမြမြို့ပေါ်တွင် မော်တော်ယာဉ် အသစ်အဆန်းများ၊ နောက်ဆုံးထုတ်အကွာရာတပ် မော်တော်ယာဉ်များနှင့် အကွာရာမတပ်ဆင်ရသေးသော မော်တော်ယာဉ်များပါ နေ့စဉ်နှင့်အမျှ တိုးပွားလာလျက်ရှိပြီး မြို့ပြလမ်းများနှင့်ကိုက်ညီသည့်အခြေအနေကောင်း ဖန်တီးရန် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် အတ်သယ်၊ ကျောက်သယ် ထော်လာဂျီယာဉ်များသည် လုပ်ငန်းခွင်သို့ ပစ္စည်းပို့ဆောင်ရေးအတွက် အမြန်မောင်းနှင်ခြင်း၊ အဖြိုင်မောင်းနှင်ခြင်းများကြောင့် ဘုရားချောင်း လမ်းမကြီး တစ်လျှောက် ယာဉ်တိုက်မှုဖြစ်စဉ်များ မကြာခဏ ဖြစ်ပွားလျက်ရှိပြီး ထော်လာဂျီယာဉ် မသွားရလမ်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များ ထားရှိဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

(ညီညီ-မြောင်းမြ)

တန်ပိုတင်ဆောင်သည့် လိုင်စင်မဲ့ယာဉ် အရှိန်မထိန်းနိုင်၍ တိမ်းမှောက်

နေပြည်တော် ဇူလိုင် ၁၅

ဇူလိုင် ၁၂ရက် နံနက် ၁၁နာရီ မိနစ် ၅၀ခန့်တွင် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ်၁၆၈/၂ မျော်ရောချောင်းအနီးတွင် ယာဉ်မောင်း မောင်နုမောင်းနှင်လာသော နောက်တွဲပါ (၂၂)ဘီး ယာဉ်အမှတ် ၉ဂ/.... သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး **(ဝဲပုံ)**ယာဉ်မောင်း သေဆုံးသွားကြောင်းသိရှိရသည်။ ဖြစ်စဉ်မှာ ယာဉ်သည် ဘိလပ်မြေအိတ်များ တင်ဆောင်လာခဲ့ပြီး သတ်မှတ်(ယာဉ်+ ကုန်) အလေးချိန် ၅၅ တန်အစား (ယာဉ်+ ကုန်) အလေးချိန် ၅၆ တန် တင်ဆောင်ခဲ့သည့်အပြင် ယာဉ်ကိုအရှိန်များမထိန်းနိုင်ခြင်းကြောင့် တိမ်းမှောက်ရခြင်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကိုသစ္စာ - စုစည်းရေးသားသည်

ရုပ်ရှင်မင်းသမီးဟန်ဂါအင်၏ ဇာတ်လမ်းတွဲအသစ်များ တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ရုံတင်ပြသ

ဆိုးလ် ဇူလိုင် ၁၅

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီးဟန်ဂါအင်ရဲ့ The Moon That Embraces the Sun အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ်ကို တောင်ကိုရီးယားနိုင်ငံတစ်ဝန်းမှာ အမ်ဘီစီရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသနေပြီဖြစ်ပါတယ်။

အသက် ၃၀ အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး ဟန်ဂါအင် **(ဝဲပုံ)**ဟာ ၂၀၁၀ ခုနှစ်က Bad Guy အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး နောက်ပိုင်း ပထမဆုံး ပြန်လည်ရိုက်ကူးထုတ်လွှင့်တဲ့ ဒရာမာဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ရုပ်ရှင်မင်းသမီးဟန်ဂါအင် ပါဝင်သရုပ်ဆောင်ထားတဲ့ Architecture 101 အမည်ရှိတဲ့ ရုပ်ရှင်ကားကြီးတစ်ကားကိုလည်း ရိုက်ကူးပြီးတာမို့ တောင်ကိုရီးယားနိုင်ငံတစ်ဝန်းမှာ ရုံတင်ပြသနေပြီဖြစ်ပါတယ်။ ဒီဇာတ်ကားကိုလည်း ပရိသတ်တွေ နှစ်သက်အားပေးကြည့်ရှုကြတယ်လို့ ဆိုပါတယ်။

ရုပ်ရှင်မင်းသမီး ဟန်ဂါအင်ဟာ Yellow Handkerchief အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ အတူတွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ တောင်ကိုရီးယားရုပ်ရှင်မင်းသား ယွန်ဂျန်ဟွန်းနဲ့ ၂၀၀၅ ခုနှစ် ဧပြီ ၂၆ ရက်က လက်ထပ်ခဲ့ပါတယ်။ အခုဆိုရင် သူတို့ဇနီးမောင်နှံဟာ လာမယ့် ၂၀၁၃ ခုနှစ်မှာ သားသမီးယူမယ်လို့ သူတို့ပရိသတ်တွေကို အသိပေးထားပါတယ်။

လောလောဆယ်မှာတော့ သူမရဲ့ ရုပ်ရှင်ကားဖြစ်တဲ့ Architecture 101 ဟာ ပရိသတ်တွေအားပေးမှုများပြားလို့ ရုံဝင်ငွေအများအပြား ရရှိနေတယ်လို့ ဆိုပါတယ်။ အဲဒီရုပ်ရှင်ကားမှာ ရုပ်ရှင်မင်းသမီး ဟန်ဂါအင်က ဆိုယွန်းအမည်ရှိတဲ့ မိန်းကလေးတစ်ဦးရဲ့ ရိုးစင်းပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့ အဖြစ်အပျက်တွေကို လူမှုအသိုင်းအဝိုင်း အခြေအနေတွေနဲ့ ပေါင်းစပ်ဖွဲ့စည်း ရိုက်ကူးထားတဲ့ဇာတ်ကား ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ဟန်ဂါအင်ဟာ ၂၀၀၉ ခုနှစ်ကတည်းက သူတို့ဇနီးမောင်နှံ တည်ထောင်ထားတဲ့ J.One Plus Entertainment လုပ်ငန်းမှာ စီမံခန့်ခွဲမှုလုပ်ငန်းတွေကိုလည်း အနုပညာလုပ်ငန်းတစ်ဖက်နဲ့အတူ အောင်မြင်စွာလုပ်ကိုင်နေသူလည်း ဖြစ်ပါကြောင်း။ **(အင်တာနက်)**

ရုပ်ရှင်မင်းသမီးနဲ့ အဆိုတော်တေလာဆွစ် ဝင်ငွေအကောင်းဆုံး လူငယ်အနုပညာရှင်ဖြစ်လာ

ဝါရှင်တန် ဇူလိုင် ၁၅

အမေရိကန်ရုပ်ရှင်မင်းသမီးနဲ့ အဆိုတော်တေလာဆွစ်ဟာ အသက် ၃၀ အောက် အနုပညာရှင်တွေထဲမှာ ဝင်ငွေအကောင်းဆုံးအမျိုးသမီးအနုပညာရှင်တစ်ဦးဖြစ်တယ်လို့ ကမ္ဘာကျော် ဖောဘတ်မဂ္ဂဇင်းက ဇူလိုင် ၁၄ ရက်မှာ ဖော်ပြလိုက်ပါတယ်။

*အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ တေလာဆွစ်ဟာ ၂၀၁၁ ခုနှစ် မေလမှ ၂၀၁၂ ခုနှစ် မေလအထိ တေးဂီတနဲ့ ရုပ်ရှင်သရုပ်ဆောင်မှုတွေက ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၇သန်း ရရှိခဲ့တာကြောင့် ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး လူငယ်အမျိုးသမီးအနုပညာရှင်အဖြစ် ဖောဘတ်မဂ္ဂဇင်းက ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။ တေလာဆွစ်**(ဝဲပုံ)**ဟာ အဲဒီကာလမှာ မြောက်အမေရိကနဲ့ဗြိတိန်နိုင်ငံတွေမှာ တေးဂီတဖျော်ဖြေပွဲပေါင်း ၁၁၁ ပွဲ ပြုလုပ်ခဲ့တာမို့ ဝင်ငွေအများအပြား ရရှိခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် တေလာဆွစ်ဟာ အခု ၂၀၁၂ ခုနှစ်အတွင်းမှာ သူမရဲ့ The Lorax ရုပ်ရှင်ကားရိုက်ကူးမှုကလည်း ဝင်ငွေရရှိခဲ့တာမို့ ဝင်ငွေများပြားခဲ့ခြင်း ဖြစ်ပါတယ်။*

လူငယ်အနုပညာရှင်တွေထဲမှာ ဂျက်စတင်ဘီဘာက ဝင်ငွေအမေရိကန် ဒေါ်လာ ၅၅ သန်းနဲ့ ဒုတိယနေရာမှာ ရှိနေပါတယ်။ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး လူငယ်အနုပညာရှင် ငါးဦးထဲမှာ ဂျက်စတင်ဘီဘာ တစ်ဦးတည်းသာ အမျိုးသားပါရှိပါတယ်။ တတိယ ဝင်ငွေ အကောင်းဆုံးကတော့ အမျိုးသမီးအဆိုတော် ရီဟာနားဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၅၃ သန်း ရရှိခဲ့ပါတယ်။ လေဒီဂါဂါကတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၂ သန်းနဲ့ စတုတ္ထနေရာမှာ ရပ်တည်နေပြီး အမျိုးသမီးအဆိုတော် ကေသီပယ်ရီကတော့ အမေရိကန်ဒေါ်လာ ၄၅ သန်းနဲ့ ပဉ္စမနေရာမှာ ရှိနေကြောင်း ဖောဘတ်မဂ္ဂဇင်းက ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့နှစ်က ဝင်ငွေအကောင်းဆုံး လူငယ်အနုပညာရှင်တွေထဲမှာ လေဒီဂါဂါက အမေရိကန်ဒေါ်လာ သန်း ၉၀ နဲ့ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့ပါတယ်။ နောက်နှစ်မှာတော့ လေဒီဂါဂါအနေနဲ့ ဝင်ငွေအကောင်းဆုံးနေရာမှာ ရပ်တည်နိုင်လိမ့်မယ်လို့ ဖောဘတ်က ခန့်မှန်းထားပါတယ်။ ***(အင်တာနက်)***

ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်ဘာ ဇာတ်ကားသစ် ပူးတွဲထုတ်လုပ်မည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၅

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်ဘာ **(ယာပုံ)** ဟာ ရုပ်ရှင်ကားသစ်တစ်ကား ရိုက်ကူးထုတ်လုပ်ဖို့ စီစဉ်နေပါတယ်။ ဂျက်စီကာအယ်ဘာဟာ ရုပ်ရှင်သရုပ်ဆောင်အပြင် ရုပ်ရှင်ထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်နေသူဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်ဘာဟာ ၂၀၁၁ ခုနှစ်က သူမ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ Spy Kids4: All the Time in the World ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ရုပ်ရှင်ကားရိုက်ကူးမှုကို ခေတ္တရပ်နားခဲ့ပြီး အခုအချိန်မှာ ဇာတ်ကားသစ် စတင်ရိုက်ကူးနေပါတယ်။

ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်ဘာဟာ Escape from Planet Earth အမည်ရှိတဲ့ ဇာတ်ကားကို ရိုက်ကူးနေပြီး အဲဒီဇာတ်ကားမှာ လီနာအမည်ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင် သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်ဘာက ပူးတွဲထုတ်လုပ်သူအဖြစ် တာဝန်ယူ လုပ်ကိုင်နေတာဖြစ်ပါတယ်။ ဂျက်စီကာအယ်ဘာဟာ Dark Angel အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ နာမည်ကြီးခဲ့ပြီး ရုပ်ရှင်ရွေကမ္ဘာလုံးဆုအတွက် အမည်စာရင်း တင်သွင်းခံခဲ့ရသူလည်း ဖြစ်ပါတယ်။ အခု လက်ရှိအချိန်မှာ A.C.O.D အမည်ရှိတဲ့ ရုပ်ရှင်ကားသစ်ကိုလည်း ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်နေပြီး ဒီရုပ်ရှင်ကားမှာ သူမကိုယ်တိုင် ပါဝင်သရုပ်ဆောင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ **(အင်တာနက်)**

အိုင်တီနည်းပညာ

တက်ဘလက်ကွန်ပျူတာများ

စာအုပ်နှင့်မဂ္ဂဇင်းများထက် တက်ဘလက်ကွန်ပျူတာများ အသုံးများလာ

လန်ဒန် ဇူလိုင် ၁၅

လူတို့သည် နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် တက်ဘလက်ကွန်ပျူတာများဖြင့် စတင်အသုံးပြုမှု လျင်မြန်စွာတိုးတက်များပြားလျက်ရှိကြောင်း ဂဝ်နားအမည်ရှိ စူးစမ်းလေ့လာရေးအဖွဲ့က လေ့လာတွေ့ရှိထားသည်။

လူတို့နေ့စဉ်အသုံးပြုလျက်ရှိသော လုပ်ငန်းဆောင်တာတို့တွင် အဓိကအားဖြင့် ပီစီကွန်ပျူတာများမှ တက်ဘလက်ကွန်ပျူတာများသို့ အီးမေးလ်ပို့ခြင်းမှာ ၈၁ ရာခိုင်နှုန်း၊ သတင်းစာဖတ်ခြင်းမှာ ၆၉ ရာခိုင်နှုန်း၊ မိုးလေဝသရာသီဥတု ခန့်မှန်းသတင်းများ ကြည့်ရှုခြင်းမှာ ၆၃ ရာခိုင်နှုန်း၊ လူမှုရေးဝက်ဘ်ဆိုက် ဆက်သွယ်အသုံးပြုခြင်းမှာ ၆၂ ရာခိုင်နှုန်းနှင့် ဂိမ်းကစားခြင်းမှာ ၆၀ ရာခိုင်နှုန်းအသီးသီးရှိကြောင်း ဂဝ်နားက စူးစမ်းလေ့လာတွေ့ရှိထားသည်။

အဆိုပါသုတေသနအဖွဲ့က ၂၀၁၁ ခုနှစ်နှစ်ကုန်ပိုင်းအထိ အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့၌ အထက်ဖော်ပြပါတို့အတွက် သုတေသနပြု လေ့လာခဲ့ကြခြင်း ဖြစ်သည်။ ယင်းတို့သည် လူတို့အဓိက အသုံးပြုမှုအများဆုံး ဆက်သွယ်ရေးကိရိယာသုံးမျိုးကို အခြေခံ၍ လေ့လာခဲ့ကြခြင်းဖြစ်သည်။ ယင်းဆက်သွယ်ရေးကိရိယာသုံးမျိုးမှာ တက်ဘလက်ကွန်ပျူတာများ၊ မိုဘိုင်းလ်ဖုန်းများနှင့် ပီစီကွန်ပျူတာများဖြစ်ကြသည်။

လူတို့အနေဖြင့် တက်ဘလက်များကို တွင်ကျယ်စွာအသုံးပြုလျက်ရှိကြောင်း ဂဝ်နားသုတေသနဌာန ဒုတိယဥက္ကဋ္ဌ ကာရိုလိုင်းနားမီလန်နက်စီကပြောကြားသည်။ တက်ဘလက်ကွန်ပျူတာပိုင်ဆိုင်သူ ၅၀ ကျော်သည် သတင်းစာ၊ မဂ္ဂဇင်းနှင့်စာအုပ်များကို စက္ကူရင်များပေါ်တွင်ဖတ်ရှုနေကြသည်ဟု ၄င်းအဖွဲ့ကပြောကြားသည်။

တက်ဘလက်ကွန်ပျူတာများအသုံးပြုမှုမှာ မိုဘိုင်းလ်ဖုန်း သို့မဟုတ် ပီစီကွန်ပျူတာများထက်အသုံးပြုလျက်ရှိကြောင်း၊ ယင်းတက်ဘလက်များကို ဧည့်ခန်းများ၌ အသုံးပြုနေမှုမှာ ၈၇ ရာခိုင်နှုန်း၊ အိပ်ခန်းများ၌ အသုံးပြုနေမှုမှာ ၆၅ ရာခိုင်နှုန်း၊ မီးဖိုချောင်များ၌အသုံးပြုနေမှုမှာ ၄၇ ရာခိုင်နှုန်းရှိကြောင်း မစ္စမီလန်နက်စီကပြောကြားသည်။ **(အင်တာနက်)**

လူကြိုက်အများဆုံး စမတ်ဖုန်း

နယူးယောက် ဇူလိုင် ၁၅

ကမ္ဘာ့လူကြိုက်အများဆုံး စမတ်ဖုန်းကို ဗားဂျင်းမိုဘိုင်းလ်တွင် ကြိုတင်ငွေပေး ဟမ်းဆက်များအဖြစ် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း အက်ပဲလ်ကုမ္ပဏီက ကြေညာထားသည်။ *(ယာပုံ)*

အဆိုပါဟမ်းဆက်များမှာ 8GB iphone 4 အမျိုးအစားကို အမေရိကန် ဒေါ်လာ ၅၄၉ ဒေါ်လာနှင့် ရောင်းချရန် ကမ်းလှမ်းထားသည်။ ထိုစဉ်အတွင်း အသစ် ထွက်ရှိလာသည့် 16 GB phone 4Sကို ဒေါ်လာ ၆၄၉ ဒေါ်လာဖြင့် ရောင်းချမည်ဟု ဆိုသည်။

အဆိုပါ ဟမ်းဆက်နှစ်မျိုးစလုံးကို ဗားဂျင်းမိုဘိုင်းလ်ဝက်ဘ်ဆိုက်မှတစ်ဆင့် မှာယူနိုင်ကြောင်း သိရှိရသည်။ ၎င်းဟမ်းဆက် အမျိုးအစားများမှာ ပြီးခဲ့သော လကထက် ၃၅ ဒေါ်လာ ဈေးလျှော့ရောင်းချခြင်းဖြစ်သည်ဟု ဆိုသည်။ အက်ပဲလ်စမတ်ဖုန်းများကို ဗားဂျင်းမိုဘိုင်းလ်ဝက်ဘ်ဆိုက်၊ ရေဒီယိုရှက်၊ ဘက်စ်ဘိုင်းတို့မှတစ်ဆင့် ဝယ်ယူနိုင်သည်။ *(အင်တာနက်)*

အမေဇုန်ဝက်ဘ်ဆိုက် စမတ်ဖုန်းများ ထုတ်မည်

ဆန်ဖရန်စစ္စကို ဇူလိုင် ၁၅

ကမ္ဘာကျော်အမေဇုန်ဝက်ဘ်ဆိုက်က ကမ္ဘာ့ဈေးကွက်အတွင်း စမတ်ဖုန်းဈေးကွက်ကို ယှဉ်ပြိုင်ရန်အတွက် အနာဂတ်တွင် စမတ်ဖုန်းများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက ရေးသားဖော်ပြထားသည်။

အမေဇုန်သည် တရုတ်ကုမ္ပဏီ ဖောက်စ်ကွန်းနှင့် စမတ်ဖုန်းများကို ပူးပေါင်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဘလွန်းဘတ်သတင်းစာတွင် ရေးသားဖော်ပြသည်။အမေဇုန်မှ ထုတ်လုပ်မည့် စမတ်ဖုန်းသည် ကင်ဒယ်ဖိုင်းယားတက်ဘလက်နှင့်တူညီကြောင်း၊ ယင်းစမတ်ဖုန်းသည် သီချင်းများနားထောင်နိုင်မည့် အပြင် ရုပ်ရှင်လည်း ကြည့်ရှုနိုင်မည် ဖြစ်ကြောင်း အမေဇုန်က ပြောကြားသည်။ အမေဇုန်ကုမ္ပဏီသည် စမတ်ဖုန်းများကို အောင်မြင်စွာ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း အမေဇုန်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ကောင်းမြတ်သူ - စုစည်းသည်

ဆမ်ဆောင်းကုမ္ပဏီမှ ထုတ်လုပ် ထား သော နောက် ဆုံး ပေါ် စမတ်ဖုန်းများကို အရောင်းဝန်ထမ်းများက ပြသနေစဉ်။

ဆမ်ဆောင်းစမတ်ဖုန်းများ ရောင်းအားစံချိန်တင်

ဆိုးလ် ဇူလိုင် ၁၅

၂၀၁၂ ခုနှစ်၏ ဒုတိယသုံးလပတ်အတွင်း စမတ်ဖုန်းများရောင်းအားအလွန်ကောင်းခဲ့သဖြင့် အမြတ်ရာခိုင်နှုန်း ၇၉ ရာခိုင်နှုန်းအထိ မြင့်တက်လာလိမ့်မည်ဖြစ်ကြောင်း ဆမ်ဆောင်းကုမ္ပဏီက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါ ဒုတိယသုံးလပတ်အတွင်း ဆမ်ဆောင်းကုမ္ပဏီ၏ အမြတ်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံအထိရှိလာနိုင်ကြောင်း ယင်း ၂၀၀၈ ခုနှစ်နောက်ပိုင်း သုံးလတာကာလအတွင်း အမြင့်မားဆုံး အမြတ်ဝင်ငွေဖြစ်ကြောင်း ဆမ်ဆောင်းက ပြောကြားသည်။ဆမ်ဆောင်းကုမ္ပဏီ၏ ရောင်းအားမြင့်တက်လာချိန်တွင် တရုတ်(တိုင်ပေ) အခြေစိုက် HTC စမတ်ဖုန်းအရောင်းမှာ ထိုသုံးလတာကာလအတွင်း ၅၈ ရာခိုင်နှုန်း ကျဆင်းခဲ့ရသည်။

ဥရောပနှင့် အမေရိကန်ရှိ အီလက်ထရွန်နစ်ကုမ္ပဏီကြီးများ၏ အရောင်းမှာလည်း ဆမ်ဆောင်းကုမ္ပဏီ၏ ရောင်းအားကြောင့် အရောင်းထိုင်းသွားသည်ဟု ဆိုသည်။ ဆမ်ဆောင်းကုမ္ပဏီသည် ယခုနှစ်စောစောပိုင်းက ကမ္ဘာ့မိုဘိုင်းလ်ဖုန်းအများဆုံးထုတ်လုပ်ရောင်းချခဲ့သည့် နိုကီယာ၏ အရောင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ ဆမ်ဆောင်းစမတ်ဖုန်းသည် ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး ဖြစ်လာသည့် အလျောက် ရောင်းအားမှာလည်း တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။

ဆမ်ဆောင်းကုမ္ပဏီက နောက်ဆုံးပေါ် ထုတ်လုပ်လိုက်သည့် Galaxy SIII သည် အလွန်လူကြိုက်များလျက်ရှိပြီး ယခုတတိယသုံးလပတ်တွင် အလုံးရေ ၁၉ သန်းအထိ ရောင်းချရလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ **(အင်တာနက်)**

◆ ရှေ့ဖုံးမှ

ဆက်လက်၍ Asia Pacific Institute for Broadcasting Development (AIBD) ဒါရိုက်တာ Mr. Yang Binyuan က သင်တန်းဖွင့်လှစ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Deutsche Welle Akademie (DW) ၏ Project Manager/ Media Trainer Mr. Eberhard Sucker နှင့် ဂျပန်နိုင်ငံ SONY Corporation Senior General Manager Mr. MASAHIRO SOGA တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ DW Project Manager / Media Trainer နှင့် SONY Corporation Senior General Manager တို့က MMDC သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် MMDC သင်တန်းကျောင်းကို လှည့်လည်ကြည့်ရှုကြသည်။

MMDC သင်တန်းကျောင်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ရုပ်သံလိုင်းအတွက် မီဒီယာလုပ်ငန်းပိုင်းဆိုင်ရာ နည်းပညာရပ်များနှင့် သင်တန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ၂၀၀၈ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မီဒီယာလုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ မီဒီယာပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ လိုအပ်ချက်မှာ မြင့်မားလျက်ရှိသည်။ MMDC သင်တန်းကျောင်းသည် မီဒီယာလုပ်ငန်းပိုင်းဆိုင်ရာ ပညာရပ်များကို အများပြည်သူအတွက် ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပေးနေပြီ ဖြစ်သည်။ MMDC အနေနှင့် လက်ရှိ မီဒီယာလုပ်ငန်းခွင်များ၌ ကျွမ်းကျင်သူများအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသူများအတွက် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားကောင်းမွန်စေရန် ရည်ရွယ်ဖွင့်လှစ်မည့် Professional Course များအပြင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်ငန်းခွင်မဝင်ရသေးသူ လူငယ်များအတွက်လည်း Foundation Course များတွင် ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

၎င်းမီဒီယာ သင်တန်းကျောင်း၏ မျှော်မှန်းချက်မှာ နိုင်ငံတော်တွင် အနုပညာအရည်အသွေးပြည့်ဝသည့် ရုပ်သံမီဒီယာနည်းပညာဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများပေါ်ထွန်းလာစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ရုပ်သံဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ပေးရန်၊ ပုဂ္ဂလိကရုပ်သံလွှင့်လုပ်ငန်းများအတွက် လိုအပ်နေသော ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖွင့်လှစ်သင်ကြား

MMDC ၏ အဓိကရည်ရွယ်ချက်မှာ နောင်အနာဂတ်တွင် နိုင်ငံတကာ တက္ကသိုလ်များမှ အသိအမှတ်ပြုသည့် ဘွဲ့သင်တန်း၊ ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပြီး မီဒီယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများ၏ ဗဟိုချက်အဖြစ် ရပ်တည်သွားမည်ဖြစ်သည်။

ယင်းမီဒီယာသင်တန်းကျောင်းကို Non Profit Organization အဖြစ် ရပ်တည်ပြီးရရှိလာသည့် အကျိုးအမြတ်များကို ထုတ်ယူခွဲဝေခြင်းမပြုဘဲ ပြန်လည်ရင်းနှီးမြှုပ်နှံပြီး အမျိုးဘာသာ သာသနာနှင့် အစဉ်အလာကြီးမားသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ သာယာလှပသော ပထဝီအနေအထားများ၊ သယံဇာတများနှင့် နယ်ပယ်ပေါင်းစုံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မီဒီယာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းကူးဖော်ဆောင်ပေးသော သင်တန်းကျောင်းအဖြစ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်သည်။

အနာဂတ်မြန်မာနိုင်ငံ၏ မီဒီယာအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးမည့် MMDC မီဒီယာသင်တန်းကျောင်း၏ အုပ်ချုပ်မှုကိစ္စအဝဝနှင့် သင်တန်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ သင်တန်းသားများအား စဉ်ဆက်မပြတ် လက်ခံသင်ကြားပေးနိုင်ရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏လမ်းညွှန်မှုနှင့်အညီ Forever Group Co.,Ltd. က တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အောင်သီရိဖောင်ဒေးရှင်း၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ
အထောက်အပံ့များနှင့် ပညာသင်ဆုများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၅

အောင်သီရိဖောင်ဒေးရှင်း၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များနှင့် ပညာသင်ဆုများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အမှတ် (၂၀) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ အောင်သီရိ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာဌေးက အမှာစကားပြောကြားရာတွင် အောင်သီရိဖောင်ဒေးရှင်းနှင့် အောင်သီရိ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် တိုင်းရင်းသားကုမ္ပဏီများ ပူးပေါင်းပါဝင်ဖွဲ့စည်းခဲ့ပြီး ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မြို့နယ်သူ၊ မြို့နယ်သားများအတွက် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဘာသာသာသနာရေးနှင့် လူမှုရေးများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက် (၆)ရပ်ချမှတ်ကာ ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

ပညာရေးနှင့် စပ်လျဉ်း၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်ရကျောင်းသား ကျောင်းသူများကိုသက်ဆိုင်ရာတက္ကသိုလ်ဝင်ခွင့် ရရှိပြီးချိန်တွင် ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပညာသင်ဆုရွေးချယ်ရာတွင်လည်း ဖောင်ဒေးရှင်းအနေဖြင့် တကယ်လိုအပ်ပြီး တကယ်ထူးချွန်သောကလေးများအား ဘာသာ အယူဝါဒ၊ ပါတီအသွေးအရောင် မခွဲခြားဘဲ ထောက်ပံ့သွားမည်ဖြစ်၍ သက်ဆိုင်ရာ ရွေးချယ်ရေးဘုတ်အဖွဲ့တွင် ပါဝင်သည့် ဆရာကြီး၊ ဆရာမကြီးများ၊ အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများကလည်း ဖောင်ဒေးရှင်းကသတ်မှတ်ထားသည့် အခြေခံရွေးချယ်ရမည့် အချက်များဖြင့် ကိုက်ညီသူများကို သမာသမတ်ကျကျရွေးချယ်ပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ နယ်မြေ ပညာရေးမှူး ဦးမြင့်ဇော်က ပညာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နေပြည်တော်ကောင်စီ နယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်က ကျန်းမာရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ အနက် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ဆုရရှိသည့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထိမေနှင့် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မောင်အေးချမ်းမောင်တို့အား ဆုငွေနှင့် အထူးဆုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဆုရကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဘရွှေ၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့် အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးအောင်သန်းတို့က ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဆုရကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌဦးသာဌေးနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ပညာသင်ဆုရရှိကြသည့် တက္ကသိုလ်ဝင်တန်း၊ နဝမတန်း၊ ဆဋ္ဌမတန်း၊ ပဥ္စမတန်းတို့မှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆုများနှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၊ ကျေးလက်ဆေးပေးခန်းများသို့ ငွေကျပ်သိန်း ၄၀တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာ ဂုဏ်ထူးရှင် မောင်အေးချမ်းမောင်က ပညာရည်ချွန်ဆုများနှင့် ပညာသင်ဆုများ ပေးအပ်ချီးမြှင့်သည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အောင်သီရိဖောင်ဒေးရှင်းက ပညာရည်ချွန်ဆုနှင့်ပညာသင်ဆုများအတွက် ငွေကျပ် ၁၂၂ သိန်း ငါးသောင်းနှင့် ကျေးလက်ဆေးခန်းများအတွက် ငွေကျပ် သိန်း ၄၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၆၂ သိန်း ၅ သောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများအနက် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ဆုရရှိသည့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထိမေအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝ
အောင်ချက်ရာခိုင်နှုန်း အရှိန်အဟုန်မြှင့်တင်ရေး အခမ်းအနားသို့

နေပြည်တော် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်ကန်သာယာခန်းမ၌ ကျင်းပသော ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း အရှိန်အဟုန်မြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားရာ၌ ယခင်နှစ်ကတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထူးနှစ်ပတ်ရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ ဤကဲ့သို့ အောင်မြင်မှုရခြင်းမှာ တက္ကသိုလ်ပါမောက္ခချုပ်၏ဦးဆောင်မှုဖြင့် ပါမောက္ခဌာနမှူးများမှ မြို့နယ်ပညာရေးမှူးများ၊ ဘာသာရပ်ပြဆရာမများအား ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပို့ချခဲ့၍ ဖြစ်ပါကြောင်း၊ ယခုသင်တန်း သို့တက်ရောက်ကြသော ဆရာ ဆရာမများအနေဖြင့် သင်တန်းမှပို့ချသော ဘာသာရပ်များကို ဂရုတစိုက်မှတ်သားနာယူရန်နှင့် မိမိဒေသသို့ ရောက်ရှိသောအခါ ကျောင်းသားကျောင်းသူများအတွက် အကျိုးရှိအောင်

ဝတ်စုံများပေးအပ်

ဟိုင်းကြီးကျွန်းမြို့နယ်ခွဲအတွင်းရှိ ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုတို့၏ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃၅ ဦးအတွက် ဝတ်စုံများပေးအပ်ပွဲကို ဇူလိုင် ၆ ရက်က ကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်က ဝတ်စုံများ ပေးအပ်စဉ်။

(မြို့နယ် ထွေ/အုပ်)

ဇူလိုင် ၁၃ ရက်က နေပြည်တော် Crazy English Club အင်္ဂလိပ်စကားပြောသင်တန်း သင်တန်းမှူး ဒုတိယဗိုလ်မှူးကြီးသန်းဆွေ(ငြိမ်း)နှင့် သင်တန်းသား သင်တန်းသူများက ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်များကို သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

◆ ကျောဖုံးမှ

တစ်လျှောက်၌လည်း ယာဉ်များလွယ်ကူစွာသွားလာနိုင်သည့်အပြင် ကားအစီးရေ ၂၀၀ ခန့် ခေတ္တရပ်နားနိုင်မည့် ယာဉ်ရပ်နားဝင်းတစ်ခုလည်း ပါရှိမည်ဟုသိရသည်။

ဈေးဆိုင်ခန်းတိုင်းတွင် သန့်ရှင်းရေးအတွက် ရေပိုက်ငုတ်တိုင်များ ထားပေးမည်ဖြစ်သည်။ မျက်နှာကြက်မြင့်သည့်အတွက် လေဝင်လေထွက်ကောင်းမွန်နိုင်ပြီး အလင်းရောင်ဝင်ရောက်မှုပြည့်စုံကြောင်း သတိထားကြည့်မိသည်။

ဈေးဟောင်းကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှာ ဆိုင်ခန်းပေါင်း ၁၂၀ ကျော်ရှိပြီး လုပ်ငန်းရှင်ပေါင်း ၂၀၀၀ ကျော် စုစည်းလုပ်ကိုင်နေရသည့်အတွက် နေရာအခက်အခဲရှိသဖြင့် လှိုင်မြို့နယ် ပိတောက်ချောင်းအနီး (သီရိမင်္ဂလာဈေးအသစ်ကြီးအနီး)တွင် ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြောက်ဦးမြို့တွင် ၅ ဒသမ ၇၁ လက်မ၊ ပုသိမ်မြို့တွင် ၅ ဒသမ ၁၉ လက်မ၊ မောင်တောမြို့ တွင် ၃ ဒသမ ၅၅ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၉၇ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၆၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

MRTV-4

၁၆-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၄၀	**ခန္တာဉာဏ်ရောက် ဒိဋ္ဌိပြုတ် သစ္စာလေးပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၄)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၈)
၁၀:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၈)
၆:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၅)
၈:၀၀	MRTV-4 သတင်း
၈:၃၀	မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (အချစ်သင်္ကေတ) (အပိုင်း-၁)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၉)
၁:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၉)

အသိလွတ်ရင် ငရဲကြီးမယ်

ချစ်ဦး-ရေးသားသည်

ဖွံ့ဖြိုးလာပြီဖြစ်တဲ့ကျေးရွာကလေး။ ရွာလေးဆိုပေမယ့် လူငယ်တွေအမြင်ကျယ်သည်။ ဂီတသံစုံတီးဝိုင်းပစ္စည်းကိရိယာတွေမရှိပေမယ့် တီးခတ်ကျွမ်းကျင်တဲ့ ဝါသနာရှင်၊ ပညာရှင်တွေရှိနေသည်။ ဘုံကထိန်ဘာသာရေးပွဲတွေဆိုရင် နိုင်ငံကျော် မြန်မာ့ဆိုင်းဝိုင်းကြီးတွေ အစဉ်အလာမပျက်ငှားသည်။ ကဆုန်ညောင်ရေသွန်းပွဲတော် ဘုရားလှည့်လိုက်ခြင်းကို အိမ်တိုင်းစေ့လူငယ်တွေ ထွက်ကြသည်။ ဒီရွာမှာ သင်္ကြန်ပွဲထက် ကဆုန်ညောင်ရေသွန်းပွဲမှာ ပိုပြီးစည်ကားသည်။

လှည့်လည်အပူဇော်ခံမည့် ဘုရားကို ပန်းရထားပေါ်တွင် ပင့်ဆောင်ထားသည်။ သာသနာ့အလံဖြင့် ရှေ့ဆုံးမှလူငယ်တွေကို မြင်နေရပြီ၊ အလံကိုင်နောက်မှ ပင့်ဆောင်လာသည့်ဘုရား ထော်လာဂျီဘီးမှာ တစ်လိမ့်ချင်းလိမ့်ပေးနေသည်။ ဝတ်အသင်းအဖွဲ့၊ ကလေး၊ လူကြီး အမျိုးသမီး၊ အမျိုးသား နောက်ဆုံးမှာ အသံချဲ့စက်ဖြင့် စက်ဖွင့်ပေးသည်။

အစဉ်အလာမပျက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို အပင်ပန်းခံ၊ ငွေကြေးအကုန်ခံပြီး ဆောင်ရွက်ကြတာ လေးစားစရာကောင်းသည်။ ဂုဏ်ယူစရာလည်းကောင်းပါသည်။ သို့သော် အသိလွတ်နေသည်။ အပြစ်လို့တော့မဆိုလို အပျော်လွန်ခြင်းဖြစ်မည်ထင်သည်။

ရှေ့ဆုံးမှအပူဇော်ခံကြွနေသည့် ဘုရား၊ နောက်ဆုံးမှဖွင့်ပေးနေသည့် သီချင်းမှာ (စည်ပိုင်းကြီးလိမ့်လာပြီ ×××ရွာထဲစည်ပိုင်းကြီးလိမ့်လို့လိမ့်လာပြီ ×××)သီချင်းနဲ့ ရှေ့ဆုံးမှ အပူဇော်ခံကြွနေသည့်ဘုရား ဘယ်လိုမှ မအပ်စပ်၊ ဘယ်လိုမှမဆီလျော်၊ အကျိုးဆောင်လူငယ်တွေ အသိလွတ်ခြင်းသည် ငရဲကြီးလိမ့်မည်။ လာမည့်နှစ် ကဆုန်ညောင်ရေသွန်းပွဲတော် ဘုရားလှည့်သည့်အခါ အသိလေးထားပြီးသွားနိုင်ရန် ရေးသားလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၆-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅ ကျန်းမာဖို့အတူကစားစို့
၇း၃၀ နံနက်ခင်းသတင်း
၇း၄၀ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)

ညပိုင်း

၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၂၀ မြန်မာစာ၊ မြန်မာစကား
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဖေဖေ့သမီး** (အပိုင်း-၂၀)(ဇာတ်သိမ်း)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ

အာရှခြေစစ်ပွဲအောင် မြန်မာယူ-၂၂ အသင်းအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှယူ-၂၂ ခြေစစ်ပွဲ အုပ်စု G တွင် ခြေစစ်ပွဲအောင်မြင်ခဲ့သော မြန်မာယူ-၂၂ အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာယူ-၂၂ အသင်းအတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကများဖြစ်သည့် ဦးအောင်ကိုဝင်းနှင့် ဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ MNL အသင်းပိုင်ရှင်များနှင့်အလှူရှင်များက ဆုကြေးငွေ အမေရိကန်ဒေါ်လာနှစ်သိန်းခွဲကို လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့က လက်ခံယူကြသည်။ ယင်းနောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ခြေစစ်ပွဲအောင် မြန်မာယူ-၂၂ အသင်းမှ အုပ်ချုပ်/နည်းပြများက အားကစားသမားများအား စင်မြင့်ထက်၌ ဂုဏ်ပြုပြီး တာဝန်ရှိသူများနှင့် အမှတ်တရဓာတ်ပုံရိုက်ကြသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

▲ *ကျောဖုံးမှ*

ပါဝင်ပတ်သက်သူများအားလုံး ဆန်စပါးလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘောထားခံယူချက် (Mind Set) များ ပြောင်းလဲရန်လိုသကဲ့သို့ အထူးကြိုးစားရန် လိုအပ်နေပြီ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက လယ်ယာကဏ္ဍသည် တိုင်းပြည်ဝင်ငွေ၏ ၃၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် စုစုပေါင်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းက ပါဝင်နေပါ၍ ဆန်စပါး တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် စိုက်ဧကတိုးချဲ့စိုက်ပျိုးမှု (Extensive Cultivation) နည်းလမ်းအပြင် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးသည့် (Intensive Cultivation) နည်းလမ်းကိုပါ အသုံးပြုရန်လိုအပ်ကြောင်း၊ လယ်သမားများ လိုအပ်သည့် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကအစ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ တိုးချဲ့သုံးစွဲနိုင်ရန်နှင့် ခေတ်မီဆန်စက်များ ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းက ဦးဆောင်ပြီး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဆန်စပါးလောကတစ်ခုလုံးတိုးတက်စေရန် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၏ လုပ်ဆောင်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သင်းဖွဲ့စည်းမျဉ်း ပြန်လည်ပြင်ဆင်ရေး အဆိုပြုခြင်း၊ အသင်း၏ငွေစာရင်းရှင်းတမ်း အတည်ပြုခြင်းနှင့် ပညာရှင်များအား ဂုဏ်ပြုခြင်း၊ သတင်းဆု(၃)ခုနှင့် ဆောင်းပါးဆု(၃)ခုတို့ကို ရွေးချယ်ဆုပေးခြင်း၊ တက်ရောက်လာသူများက ဆွေးနွေးခြင်းများပြုလုပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၁၅-၇-၂၀၁၂

ကိုလင်း-စုစည်းသည်

ဗိုလ်ချုပ်ကြီးပက်တန်၏ တစ်မိနစ်အမှာစကားစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးသူ မင်းဗထူးဘာသာပြန်ဆိုသော ဗိုလ်ချုပ်ကြီးပက်တန်၏ တစ်မိနစ်အမှာစကားစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မူရင်းစာရေးသူ ဂျော့အက်စ်ပက်တန်က သူ၏စာအုပ်နိဒါန်းတွင် စိတ်အားထက်သန်မှုသည် စစ်ပွဲပြီးဆုံးသွားပြီးနောက် လက်ဆုပ်လက်ကိုင်မပြနိုင် ဖြစ်နေလင့်ကစား စစ်ပွဲများတွင် တိုက်ပွဲဝင်စစ်သည်တော်စိတ်ဓာတ်သည်ကား လျှပ်ပြက်သကဲ့သို့ အထင်အရှားပေါ်လွင်နေကြောင်း၊ တိုက်ပွဲဝင်စစ်သည်တော်စိတ်ဓာတ်ကို ရယူရန်နှင့် ထိုစိတ်ဓာတ်ဖြင့် အောင်ပွဲခံရန်သို့မဟုတ် ဂုဏ်သိက္ခာရှိစွာ ကျဆုံးရန် အခိုင်အမာ စိတ်ပိုင်းဖြတ်ထားသည် ပင်လျှင် အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘာသာပြန်ဆိုသူ မင်းဗထူးက "ဗိုလ်ချုပ်ကြီးပက်တန်၏ အမှာစကားများသည် အခြေအနေတစ်ရပ်တွင် ဖြစ်ပေါ်နေသော သူ၏ခံစားချက်အသိအမြင်နှင့် အတွေ့အကြုံတို့မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ပွင့်လင်းရိုးရှင်းစွာထုတ်ဖော်ပြောကြားချက်များသည် ဆရာစားမချန် အိတ်သွန်ဖာမှောက်ပေးဝေခြင်းများဖြစ်သောကြောင့် စာရှုသူများအတွက် ထူးခြားသည့်အခွင့်အရေးဖြစ်ပါသည်" ဟု မှတ်ချက်ပြုထားသည်။

ဗိုလ်ချုပ်ကြီးပက်တန်၏ တစ်မိနစ်အမှာစကားများစာအုပ်တွင် "**မရှိလျှင်မဖြစ်သောလူ မရှိပါ၊ လူရှိနေသမျှ စစ်ပွဲသည် ရှိနေပါမည်၊ ပြဿနာ၏ အစကိုနီးကြားစွာ သတိရှိပါ၊ လိုအပ်သည်ထက်ပိုလုပ်ပါ၊ ရှုံးနိမ့်မှုကို မကြောက်ပါနှင့်၊ ကြောက်စိတ်နှင့်ဆွေးနွေးတိုင်ပင်ခြင်းမလုပ်ပါနှင့်၊ ဂုဏ်သတင်းသည် ပုန်းကွယ်နေသူအား မည်သည့်အခါမျှ လိုက်ရှာလေ့မရှိပါ၊ သစ္စာရှိသော ဦးစီးအရာရှိကိုထက်မြက်သော ဦးစီးအရာရှိထက် ဦးစားပေးသင့်သည်၊ အကောင်းဆုံးလုပ်နေသောလူတစ်ယောက်အတွက် ဘာလိုသေးသလဲ၊ အမိန့်မရ၍ မလုပ်ရှားခြင်းသည် ခွင့်လွှတ်စရာမဟုတ်ပါ**" စသည့် အမှာစကားများပါရှိသည်။

အဆိုပါစာအုပ်ကို တူဒေးစာအုပ်တိုက်က ဖြန့်ချိလိုက်ကြောင်း၊ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ (စတုတ္ထတွဲ) စာအုပ်ထုတ်ဝေဖြန့်ချိ

ဗဒုံမင်း(၁၇၈၂-၁၈၁၉)က ရှေးမင်း၊ မိဖုရား၊ မှူးမတ်၊ မင်းမှုထမ်းများနှင့် သူဌေးသူကြွယ်များ လှူဒါန်းခဲ့သော မြေနှင့် ထန်းများကို မပျောက်မပျက် ဆက်လက်တည်တံ့စေလိုသဖြင့် ကျောက်စာများရေးထိုးကာ ထိုမြေနှင့် ထန်းများကို ၁၇၈၅ တွင် ထပ်ဆင့်လှူဒါန်းခဲ့သည့် ကျောက်စာများကို မန္တလေးမဟာမုနိဘုရားဝင်း ဝန်းကျင်တွင် ကျောက်စာရုံနှစ်ရုံဆောက်လုပ်၍ အရှည်တည် ကျန်ရစ်စေရေးကို ဆောင်ရွက်ခဲ့သည်။

ယခု ထိုကျောက်စာတိုင်များကို မဟာမုနိဘုရားတံတိုင်းအတွင်းတွင် တွေ့နိုင်သည်။ အရှေ့ဘက် ကျောက်စာရုံတွင် ကျောက်စာတိုင် ၁၈၇ တိုင်၊ အနောက်ဘက် ကျောက်စာရုံတွင် ၅၃၂တိုင် စုစုပေါင်း ကျောက်စာတိုင် ၇၁၉ တိုင်ရှိသည်။ ထိုကျောက်စာတိုင်များမှ ကျောက်စာများကို ကူးယူ၍ ပထမတွဲတွင် ၄၂ တိုင်၊ ဒုတိယတွဲတွင် ၄၃ တိုင်၊ တတိယတွဲတွင် ၄၇ တိုင် ထုတ်ဝေပြီးဖြစ်သည်။ ယခုစတုတ္ထတွဲအဖြစ် သက္ကရာဇ် ၃၀၂(ခရစ်နှစ် ၉၄၀-၁၄၀၂)မှ ၇၆၄ အထိ ၇၅တိုင်ကို တည်းဖြတ်ထုတ်ဝေထားခြင်းဖြစ်သည်။ ကျောက်စာအများစုသည် ပုဂံခေတ်ကာလရေးထိုးခဲ့သောကျောက်စာများဖြစ်ပြီး ထိုကျောက်စာများကို ပြန်လည်ဆင့်၍ရေးထိုးထားသဖြင့် အက္ခရာမှာကုန်းဘောင်ခေတ်ရေး အက္ခရာပုံဖြစ်နေမည်ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက ယခုထုတ်ဝေသောစာအုပ်ကို နေပြည်တော် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန်မြို့၊ ပြည်လမ်း အမျိုးသားပြတိုက်ဝင်းအတွင်းရှိ သမိုင်းသုတေသနဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ပြီဖြစ်သည်။ မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ (စတုတ္ထတွဲ) စာအုပ်၏ တန်ဖိုးမှာ ငွေကျပ် ၄၅၀၀ ဖြစ်သည်။

...ိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ...ခိုင်နှုန်း အရှိန်အဟုန်မြှင့်တင်ရေး အခမ်းအနားသို့တက်ရောက်

ဆုချီးမြှင့်ပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဆရာစံလမ်းနှင့်စက်မှု(၁)လမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၌ကျင်းပရာ အမှတ်(၂) ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ်သူရဘိုနီက အမှာစကားပြောကြားပြီး ဂုဏ်ထူးရရှိသူများအား ဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် အမှတ်(၉)ရဲတပ်ရင်းမှူးက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ကွပ်ကဲရေးမှူး၏ ဇနီး ဒေါ်ခင်မလေးက အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့်ဒုတိယကွပ်ကဲရေးမှူး၏ဇနီး ဒေါ်ခင်မာဖြူက အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4

၁၆-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၄၀ **ခန္တာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် သစ္စာလေးပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၄)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၈)
၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၈)
၆း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၅)
၈း၀၀ MRTV-4 သတင်း
၈း၃၀ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (အချစ်သင်္ကေတ) (အပိုင်း-၁)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၉)
၁း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၉)

မြန်မာ့အလင်း အမှတ်မထင်သတင်းမြင်ကွင်း

ဒီလိုဆိုကောင်းတာပေါ့

ရန်ကုန် ဇူလိုင် ၁၅

သဃ်န်းကျွန်းမြို့နယ်လေးထောင့်ကန်လမ်းပေါ်၌ မောင်းနှင်နေကြသော ယာဉ်အချို့မှာ လမ်းအလယ်မျဉ်းသေပေါ်မှ မကြာခဏကွေ့နေကြရာ မိမိနှင့် အခြားယာဉ်များအတွက်ပါ အန္တရာယ်ဖြစ်နိုင်လေသည်။ သက်ဆိုင်ရာ တာဝန်ရှိသူတို့က အလယ်မျဉ်းသေများပေါ်တွင် ဤကဲ့သို့ ကွန်ကရစ်ဘလောက်တုံးများ တန်းစီ၍ ကာဆီးလိုက်သဖြင့် တစ်ဖက်ယာဉ်ကြောသို့ ကွေ့မည့်ယာဉ်များအနေဖြင့် စည်းကမ်းရှိစွာသတ်မှတ်ဖြတ်ကြောမှသာ ကွေ့မောင်းနေကြသည်ကို ဇူလိုင် ၁၅ရက် မွန်းလွဲပိုင်းက အမှတ်မထင်တွေ့လိုက်ရသည်။ ယာဉ်စည်းကမ်းနှင့်အညီမောင်းနှင်ခြင်းက ယာဉ်အန္တရာယ်ကို ကင်းဝေးစေပါသည်။ **(အပေါ်ပုံ)** **ကိုကြီးတင်**

ကျောက်ဆည်အသင်း(ရန်ကုန်)(၁၀)နှစ်ပြည့် မဂ္ဂဇင်းထုတ်ဝေမည်

ကျောက်ဆည် ဇူလိုင် ၁၅

ဇူလိုင် ၆ ရက်တွင် ကျရောက်ခဲ့သည့် ကျောက်ဆည်အသင်း(ရန်ကုန်)၏ (၁၀) နှစ်ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်၍ အသင်းသားများနှင့် (ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး)ဒေသသားများမှ ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းစာမူများပေးပို့နိုင်ကြောင်းနှင့် ကျောက်ဆည်ခရိုင် မြို့နယ်များမှ လုပ်ငန်းရှင်များသည် ကြော်ငြာများထည့်သွင်းလိုပါက ဩဂုတ် ၇ ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ဦးလှဝင်း(အတွင်းရေးမှူး)ဖုန်း-၀၉-၅၁၄၈၉၆၅၊ ဦးကျော်ငြိမ်း (အုပ်ချုပ်ရေးမှူး) ဖုန်း-၀၁-၅၅၂၇၃၆ နှင့် ကျောက်ဆည်အသင်း(ရန်ကုန်) အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (မြင့်ထွေး)

စာရေးဆရာအသင်းညီလာခံ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇူလိုင် ၁၅

ဗဟန်းမြို့နယ်စာရေးဆရာအသင်း၏ ပထမအကြိမ် မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် အမှုဆောင်အဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ဒို့ရိုးရာစားသောက်ဆိုင် ရွှေဂုံတိုင်လမ်း၌ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံကိုယ်စားလှယ် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)နှင့် ညီလာခံကိုယ်စားလှယ် မြို့နယ်စာရေးဆရာအသင်းဘဏ္ဍာရေးမှူး ဒေါ်နီနီတင်(နီနီ-မြန်မာစာ)က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူးဦးလှိုင်မြင့် (တမာမြေလှိုင်မြင့်)က မြို့နယ်စာရေးဆရာ အသင်းဝင်များစည်းရုံးရေး၊ မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေးနှင့် ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် လှူဒါန်းရန်ကိစ္စများကို ဆွေးနွေးရာ မြို့နယ်စာရေးဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးကြသည်။

ဗဟန်းမြို့နယ် စာရေးဆရာအသင်းက မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ စာမူများကို အမှတ် ၂၂၂ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ဦးလှိုင်မြင့်(တမာမြေလှိုင်မြင့်)ထံ ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၄၁၉၄၃ သို့ဆက်သွယ်၍ စာတိုက်မှဖြစ်စေ ပေးပို့နိုင်ကြောင်း သိရှိရသည်။

(မြို့နယ်စာရေးဆရာအသင်း)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၅

အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထက(၃) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများအား ပျိုးပင်ငယ်များကို ဖြန့်ဝေပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်၊ ခရိုင်ပညာရေးမှူး ဦးတင်လှိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းတို့ ကြီးကြပ်၍ သစ်တောဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ မဟော်ဂနီ၊ တည်ပင်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ယူကလစ်၊ စွယ်တော်၊ အော်ရီးရှား ပျိုးပင်ပေါင်း ၁၃၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၆)**

ဇူလိုင် ၈ ရက်က မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အရှေ့ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးသန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးသန်းအေးနှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (၁၆၈)

မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေး

ဗန်းမော် ဇူလိုင် ၁၅

ဗန်းမော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဇူလိုင် ၉ ရက်အထိ ကျေးရွာအုပ်စု ၂၃ အုပ်စုမှ တောင်သူ ၁၄၆၂ ဦးတို့အား ငွေကျပ် သိန်းပေါင်း ၃၁၉၂ ဒသမ ၄၀ ကို ထုတ်ချေးပေးပြီးဖြစ်ရာ ကျန်ကျေးရွာအုပ်စု ၂၅ အုပ်စုမှ တောင်သူများအား လယ်တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ဆက်လက်ထုတ်ချေးသွားမည်ဖြစ်သည်။

ထို့အပြင် ၂၀၁၂ ခုနှစ် ဇွန်လအတွင်း ကျေးလက် ချွေတာစုဆောင်းငွေများကိုလည်း ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူဦးရေ ၄၃၆ ဦးတို့အား ငွေကျပ် သိန်း ၃၀၀ကျော် ထုတ်ချေးပေးခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်ဘဏ်ခွဲ)**

ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ဒုတိယအကြိမ် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

ဝက်လက် ဇူလိုင် ၁၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ လယ်ယာကုန်ထုတ် အသင်းသားများအတွက် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ဒုတိယအကြိမ် မိုးစပါးစိုက်စရိတ် ချေးငွေပေးအပ်ပွဲကို ဇွန် ၂၀ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာမဏ္ဍပ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအောင်က ချေးငွေထုတ်ချေးရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဦးထွန်းရှိန်က ကျေးလက်နေပြည်သူတို့၏ လူနေမှုဘဝ တိုးတက်ရေးအတွက် နိုင်ငံတော်က ထားရှိသည့် စေတနာကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးမာက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါ မိုးစပါးစိုက်စရိတ်ချေးငွေကို အသင်းသားလယ်သမား ၁၃၅ဦးအတွက် ငွေကျပ် သိန်း ၁၃၀ ထုတ်ချေးပေးခဲ့သည်။ အလားတူပင် သရက်ကြီး၊ ထုံးဘိုကုန်ထုတ် အသင်းသား ၁၃၀အတွက် စိုက်စရိတ် ချေးငွေ ၁၀၂ ဒသမ ၈သိန်းကိုလည်း အဆိုပါနေ့တွင် ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အပိုဝင်ငွေရနေသော ပေါက်ပေါက်ပွင့်လုပ်ငန်း

ဖေထွဏ်းဇော်-ရေစကြို

နေပြည်တော် ဇူလိုင် ၁၅



ပေါက်ပေါက်ဆုပ်ကို မြန်မာ့ရိုးရာ အစားအစာအဖြစ် လူသိများသလို လူတိုင်းလည်းစားဖူးကြမည် ဖြစ်ပါသည်။ စားရတာလွယ်သလောက် ပေါက်ပေါက်ဆုပ်ဖြစ်လာရန်မှာ အတော်ပင်လက်ဝင်လှပါသည်။

ပေါက်ပေါက်ဆုပ် ဖြစ်လာဖို့ရန် ပေါက်ပေါက်ပွင့်နှင့် ထန်းလျက်တို့ လိုအပ်ပြီး အဆင့်ဆင့်လုပ်ကိုင်ပေါင်းစပ်ပြီးမှ ပေါက်ပေါက်ဆုပ်ဖြစ်လာပါသည်။

ပေါက်ပေါက်ဖောက်ဖို့ရန် ကောက်ညှင်းစပါးကို ရွေးချယ်ဝယ်ယူရသည်ကစလို့ ပညာသားပါလှပါသည်။ အကြောင်းမှာ ပေါက်ပေါက်ပွင့်ဖောက်ရာတွင် ကောက်ညှင်းစပါးတိုင်း ပေါက်အားမကောင်းသောကြောင့် ဖြစ်ပါသည်။ လုပ်ငန်းကျွမ်းကျင်သူ၏ အတွေ့အကြုံအရ ပေါက်အားကောင်းသောစပါးနှင့် ပေါက်အားမကောင်းသောစပါးကို ခွဲခြားသိနေခြင်းသည် အတတ်ပညာတစ်မျိုးပင် ဖြစ်ပါသည်။ ပြုလုပ်ပုံများမှာလည်း အဆင့်ဆင့်ဖြစ်ပါသည်။ ဦးစွာ ကောက်ညှင်းစပါးကို ခေတ္တရေစိမ်ပြီး ဆယ်၍ ရေစစ်ထားရသည်။ အောက်မှ မီးအပူပေးထားသော မြေအိုး (သောက်ရေအိုး)ထဲတွင် သဲကြမ်းအနည်းငယ်ထည့်၍ သဲပူလာသည့်အခါ စောစောက ရေစစ်ထားသော ကောက်ညှင်းစပါး နို့ဆီတစ်ဘူးခန့်ကို ထည့်၍ မွှေစရာဝါးတစ်လုံး စာလှုပ်၍ အိုးအဝကို အဝတ်အုပ်၍ လှော်ရသည်။ လှော်သည့်ဝါးလုံးအဖျားဘက်၌ တစ်ထွာသာသာခန့်အရှည်ကို တံမြက်စည်းတံအရွယ် ခွဲစိတ်မြှာထားသောဘက်ကို အိုးထဲထည့်၍ မွှေရသည် (လှော်ရသည်)။ မီးအပူရှိန် အပြင်းအပျော့၊ မွှေရာတွင် ကျွမ်းကျင်မှုအလိုက် ပေါက်ပေါက်ပွင့်အနည်းအများကို ဖြစ်စေသည့်အတွက် ပွင့်အားကောင်းလျှင် အကျိုးများကြောင်း သိရှိရသည်။

ကောက်ညှင်းစပါးတစ်တင်းကို ပေါက်ပေါက်ဖောက်သည့်အခါ ကျွမ်းကျင်လျှင် အပွင့်လေးတင်းခွဲသာသာရရှိပြီး တစ်တင်းကို ငွေကျပ် ၃၀၀၀ ဈေး ရောင်းချရသည့်အတွက် ငွေကျပ် ၁၃၅၀၀ သာသာရရှိသည်။ ကောက်ညှင်းစပါး တစ်တင်းကို ငွေကျပ် ၇၀၀၀ဈေး ပေးဝယ်ရသဖြင့် အကျိုးအမြတ်မှာ ငွေကျပ် ၆၅၀၀ ဖြစ်ကြောင်းနှင့် ယခုလိုတောင်သူလုပ်ငန်းခေတ္တနားချိန်တွင် မိမိကျွမ်းကျင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် နေ့စဉ်အပိုဝင်ငွေရနေကြောင်း ပရိမ်သာရွာမှ ဒေါ်ချောလှက ပြောပြသည်။

အဆိုပါပေါက်ပေါက်ပွင့်များကို အချိုးအစားတကျကျိုထားသည့် အကောင်းစားထန်းလျက်ရည်ဖြင့် သမအောင်နယ်ပြီး လိုအပ်သောအရွယ်အစားအတိုင်း ပေါက်ပေါက်ဆုပ်လုပ်၍ ဈေးကွက်တွင် မြန်မာ့ရိုးရာအစားအစာအဖြစ် ပြုလုပ်ရောင်းချကြသည်မှာလည်း အညာဒေသ၏ ဓလေ့ဖြစ်သလို အပိုဝင်ငွေရနေသော လုပ်ငန်းလည်းဖြစ်ပါကြောင်း။

ပြည်ခရိုင်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ပြည် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ပြည်တက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၁ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပေါက်နန်၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမြင့်နှင့် ပြည်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းတိုး၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်သိန်းဝင်းနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်တက္ကသိုလ် ဆရာဆရာမများက ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ပျဉ်းကတိုး၊ ကံ့ကော်၊ စိန်ပန်း၊ စွယ်တော်နှင့် သပြေပျိုးပင် စုစုပေါင်း အပင် ၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)** **(မြို့နယ်စိုက်ပျိုးရေး)**

စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်း

ကျောက်တန်း ဇူလိုင် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ခနောင်စံပြကျေးရွာရှိ ရွှေမှော်ဝန်းဦးစာကြည့်တိုက်အတွက် စာအုပ်စာစောင် လှူဒါန်းပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စာကြည့်တိုက် အလှူရှင်များက စာအုပ်စာစောင်များပရိဘောဂများနှင့် ရုပ်မြင်သံကြားဖမ်းစက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေတို့က သုတ ရသ၊ မဂ္ဂဇင်း၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာပေပညာရှင်များဖြစ်ကြသော ဆရာ ချစ်စံဝင်း၊ ဆရာ ချစ်ဦးညို၊ ဆရာမ ဒေါ်ကြူကြူသင်းတို့ကလည်း စာပေရေးရာများကို ဟောပြောကြသည်။

ဖွင့်လှစ်ပေး

အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၇ ပေ၊ အနံ ၂၀ ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ခင်းဖြစ်ပြီး စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေကြည်သမ နှစ်လည်စည်းဝေး

ရေကြည် ဇူလိုင် ၁၅

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ စိန်ပြည့်လျှံ ဈေးသမဝါယမအသင်း၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းဟန်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက သမဝါယမအသင်းနှင့် ပတ်သက်၍ တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဒါရိုက်တာဦးဇော်မင်းက ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မင်းဇော်ဦး-ရေကြည်)**

ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ဘိုကလေး ဇူလိုင် ၁၅

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီက ဘိုကလေးမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်ပွိုးဖောက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်မြင့်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၂ ခုနှစ်အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော ဆောင်းပါး၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်များ၌ ဆုရရှိသူများအား ဆုချီးမြှင့်ရာ တိုင်းဒေသကြီးအဆင့် ဆောင်းပါးပထမဆုရ မောင်ဇော်ဖြိုးဝေအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်ပွိုးဖော **(အောက်ပုံ)**၊ ဆောင်းပါးတတိယဆုရ မမေရွက်ဝါ၊ ကဗျာဒုတိယဆုရ မောင်ဇူလိုင်တိုး၊ ကဗျာတတိယဆုရ နန့်ဖြူသက်စံနှင့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မောင်လင်းသူရအောင်(အလက-၂ ဘိုကလေး)၊ ဒုတိယဆုရ မဇွန်ဝေဖြိုး (အထက-၁ ဘိုကလေး)နှင့် တတိယဆုရ မမြတ်သဉ္ဇာကျော်(အလက-၂ ဘိုကလေး) တို့အား မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၆၅)**

စာအုပ်ပြပွဲ သရက်မြို့၌ကျင်းပ

သရက် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်းခေတ်မီစာကြည့်တိုက်တွင် ဇူလိုင် ၅ရက် နံနက် ၁၀ နာရီက သုတရသ စာအုပ် ၅၀၀၀ ကျော်ခင်းကျင်း၍ စာအုပ်ပြပွဲကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးအေးဖေက စာအုပ်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အသင်းဝင်ကတ်ပြုလုပ်၍ စာအုပ်များ ငှားရမ်းနိုင်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများ စာများများဖတ်သင့်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်စာရေးဆရာ အသင်းဝင်များနှင့် စာပေဝါသနာရှင်များအား ဒို့ကျေးရွာဂျာနယ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း မှုခင်းသတင်း

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

ပြင်ဦးလွင် ဇူလိုင် ၁၅

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၉) ပွေးတောင်ရပ်၊ မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် ၃၈/၇၌ ဇူလိုင် ၁၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ သုံးဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပြင်ဦးလွင်မှ မန္တလေးဘက်သို့ ယာဉ်မောင်းကျော်ညွှန့် ၆၀ နှစ်(ဘ) ဦးသွင် ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း ဈေးတန်းရပ်နေသူ မောင်းနှင်လာသော စူပါကာစတန်ယာဉ် အမှတ် ၈ဈ/. . . နှင့် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်းနေဇာထွန်း ၂၀နှစ် (ဘ)ဦးမောင်မြင့်သူ တောင်ကျောက်တိုင်ကျေးရွာ ဝက်လက်မြို့ စစ်ကိုင်းတိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ယာဉ်နောက်မှ ဦးကျော်မြိုင် လိုက်ပါလာသော ဒိုင်ယမ်းအမျိုးအစား ၁၂၅ ခဲရောင်ဆိုင်ကယ်အမှတ် ၂၀ ယ/. . . တို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားရာ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ပေါ်၌ လိုက်ပါသူ နှစ်ဦးစလုံး ၎င်းနေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး စူပါကာစတန်မော်တော်ယာဉ်မှာ တိမ်းမှောက်သွားသဖြင့် ယာဉ်မောင်းကျော်ညွှန့်မှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သောကြောင့် ပြင်ဦးလွင်ဆေးရုံကြီး၌ ဆေးကုသနေစဉ် သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုကို ပြင်စာရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၃၂)

ဆိုင်ကယ်ခိုးယူသူများ မြဝတီ၌ဖမ်းဆီးရမိ

မြဝတီ ဇူလိုင် ၁၅

မြဝတီခရိုင် မြဝတီမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဆန်းဝင်းနှင့် အဖွဲ့သည် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လှည့်ကင်းဆောင်ရွက်နေစဉ် ဆိုင်ကယ်တစ်စီးနှင့် လူတစ်ဦးကို မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးမေးမြန်းရာမှ ဝင်းထွန်း(ခ) ကတုံး(ခ) အငယ်လေးဆိုသူအား ယခင်ဆိုင်ကယ်ခိုးမှုများပါ ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းအားဆက်လက်စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်ခိုးမှုတွင်ပါဝင်သော စိုးဝင်း(ခ)တရုတ်၊ ဇော်ဝင်းထွန်း(ခ)ဇော်ပျံတို့နှင့်အတူ ခိုးရာပါဆိုင်ကယ် ၁၃ စီးကို ထပ်မံဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သဖြင့် သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ **(၀၈၀)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ရာသီအကြို ဘောလုံးခြေစမ်းပွဲများယှဉ်ပြိုင် အဲဗာတန်၊ ဗီလာနှင့်ဝက်စ်ဟမ်းတို့နိုင်ပွဲများရရှိ

လန်ဒန် ဇူလိုင် ၁၅

၂၀၁၂-၂၀၁၃ဘောလုံးရာသီအကြို ကလပ်အသင်းခြေစမ်းပွဲများကို ဇူလိုင် ၁၅ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အင်္ဂလန်ဒုတိယတန်းကလပ် မိုချန်ဘီအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အဲဗာတန်က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အပေါ်ပုံ)**

အဲဗာတန်အသင်းအတွက် ဂိုးများကို ပွဲချိန်ခုနစ်မိနစ်၌ ဂျူနီယာက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၃၈ မိနစ်၌ ဗီလီရေ့စ်က တစ်ဂိုးသွင်းယူပေးသဖြင့် အဲဗာတန်တို့ နှစ်ဂိုးရရှိခဲ့သည်။ ဆက်လက်ပြီး အဲဗာတန်မှ ရိုဒ်ဝဲလ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း၌ပင် အဲဗာတန်က သုံးဂိုးပြတ်ဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင်လည်း မိုချန်ဘီတို့ချေပဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၆၈ မိနစ်၌ အဲဗာတန်မှ အင်နီချီဘီက တစ်ဂိုးသွင်းယူခဲ့သဖြင့် အဲဗာတန်တို့ လေးဂိုးရရှိခဲ့သည်။ မိုချန်ဘီအတွက် နှစ်သိမ့်ချေပဂိုး တစ်ဂိုးကို ပွဲချိန် မိနစ် ၉၀၌ ဘင့်လေကသွင်းယူခဲ့သဖြင့် ပွဲအပြီး အဲဗာတန်က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး အင်္ဂလန်ဒုတိယတန်းကလပ်ဘာတန်နှင့် ပရီမီယာလိဂ်မှ ဗီလာတို့ ယှဉ်ပြိုင်ကစားရာ ဗီလာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဘာတန်တို့က ပွဲအစ ကိုးမိနစ်မှာပင် ဝီရာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော် ၄၂ မိနစ်၌ ဘာတန်မှ ဟိုလ်နက်စ်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဗီလာတို့ လက်ဆောင်ချေပဂိုးရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၈၃ မိနစ်၌ ဟိုလ်မင်းက ဗီလာအတွက် ဦးဆောင်ဂိုးနှင့် အနိုင်ဂိုးသွင်းယူပေးခဲ့သဖြင့် ပွဲအပြီး ဗီလာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ အင်္ဂလန်ကလပ် ဆော့သမ်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲတွင် ဝက်စ်ဟမ်းက သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ ဝက်စ်ဟမ်းအတွက်ဂိုးများကို ပွဲချိန် ၂၃ မိနစ်၌ မေနက်၊ ၃၄ မိနစ်၌ စပင့်နှင့် ၆၄ မိနစ်၌ ဘာလ်ဒေါ့တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဆော့သမ်းတို့ ချေပဂိုးမသွင်းနိုင်ဘဲ ပွဲအပြီး၌ ဝက်စ်ဟမ်းက သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဒေးဗစ်ဟေးက ချီဆိုရာအား ငါးချီ၌ အလဲထိုးအနိုင်ယူ

လန်ဒန် ဇူလိုင် ၁၅

ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ထိုးသတ်ပွဲအဖြစ် အင်္ဂလန်လက်ဝှေ့သမား ဒေးဗစ်ဟေးနှင့် ပြိုင်ဘက် အင်္ဂလန်လက်ဝှေ့သမား ဒီရက် ချီဆိုရာတို့ ဗြိတိန်နိုင်ငံ အက်တန်ပက်၌ ဇူလိုင် ၁၅ ရက်က ထိုးသတ်ရာ ဒေးဗစ်ဟေးက အလဲထိုးအနိုင်ရရှိခဲ့သည်။

ဒေးဗစ်ဟေး၏ ပြင်းထန်သော ဘယ်ဝိုက်လက်သီးနှင့် ညာဖြတ်လက်သီးများကြောင့် ပွဲချီငါးချီအရောက်တွင် ချီဆိုရာ လက်ဝှေ့ကြိုးဝိုင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားခဲ့သည်။ ချီဆိုရာသည် ပြန်လည်ကြိုးစားပြီး ဆက်လက်ထိုးသတ်သော်လည်း ဒေးဗစ်ဟေး၏ ညာဝိုက်လက်သီးသုံးကြိမ်နှင့် ဘယ်ဝိုက်လက်သီး နှစ်ကြိမ်အထိုးခံရပြီးနောက် လက်ဝှေ့ကြိုးဝိုင်း ကြမ်းပြင်ပေါ် ထပ်မံလဲကျပြီးနောက် ဒေးဗစ်ဟေး အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။ ***(အပေါ်ပုံ)***

ယခုပွဲအနိုင်ရရှိသဖြင့် အသက် ၃၁ နှစ်အရွယ်ရှိ ဒေးဗစ်ဟေးသည် လက်ဝှေ့ပွဲပေါင်း ၂၈ ပွဲထိုးသတ်ခဲ့ရာတွင် ၂၆ ပွဲနိုင်ပြီး နှစ်ပွဲရှုံးရလဒ်ဖြင့် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ပွဲ ၂၆ ပွဲအနက် ၂၄ ပွဲမှာ အလဲထိုးပွဲများဖြစ်သည်။

ယခုပွဲ၌ ရှုံးပွဲကြုံခဲ့သည့် ချီဆိုရာမှာ အသက် ၂၈ နှစ်အရွယ်ရှိပြီး လက်ဝှေ့ပွဲပေါင်း ၁၉ ပွဲ ထိုးသတ်ခဲ့ရာ ၁၅ပွဲနိုင်ပြီး လေးပွဲရှုံးမှတ်တမ်း ရှိခဲ့ပြီဖြစ်သည်။ နိုင်ပွဲ ၁၅ပွဲအနက် ကိုးပွဲမှာ အလဲထိုးပွဲများဖြစ်သည်။ ယခုပွဲကို ပရိသတ် ၃၀၀၀၀ ခန့်လာရောက်ကြည့်ရှု အားပေးခဲ့သည်။ ယခုပွဲ အနိုင်ရရှိသည့်အတွက် ဒဗလျူဘီစီ၏ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ကလစ်ချကိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ဒေးဗစ်ဟေး အခွင့်အရေးရရှိသွားပြီဖြစ်သည်။ ***(အင်တာနက်)***

တိုက်စစ်မှူးဗန်ပါစီအား မန်ယူခေါ်ယူရန် စိတ်ဝင်စားနေ

လန်ဒန် ဇူလိုင် ၁၅

အာဆင်နယ်အသင်းနဲ့ စာချုပ်အသစ် ထပ်မံမချုပ်ဆိုတော့တဲ့ တိုက်စစ်မှူး ဗန်ပါစီကို မန်ယူအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ မန်ယူနည်းပြ ဖာဂူဆန်ကလည်း ဗန်ပါစီရဲ့ခြေစွမ်းကို သဘောကျနေတာမို့ အာဆင်နယ်အသင်းတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ရှိနေပါတယ်။

မန်ယူရဲ့ပြိုင်ဘက် မန်စီးတီးအသင်းကလည်း တိုက်စစ်မှူးဗန်ပါစီကို ခေါ်ယူဖို့ စိတ်ဝင်စားနေတာမို့ အပြိုင်အဆိုင်တော့ဖြစ်နေပါတယ်။ မန်စီးတီးအသင်းဟာ တိုက်စစ်မှူးအဒီဘာယောကို စပါးအသင်းက ပေါင် ၆ သန်းနဲ့ ရောင်းချခဲ့ပြီးကတည်းက သူ့နေရာအတွက် အင်အားဖြည့်ဖို့ တိုက်စစ်မှူးကောင်းတစ်ဦးကို ရှာဖွေနေခဲ့တာဖြစ်ပါတယ်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကရုဏာစင်တာ ပညာကျန်းမာထောက်ပံ့စောင့်ရှောက်မှုပါဝင်လှူဒါန်းနိုင်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက် ဆရာတော်အရှင်တိက္ခ ဦးဆောင်ဖွင့်လှစ်ထားသောကရုဏာစင်တာမှ ကြင်နာစွန့်ထွေးမှုဖြင့် ၂၀၀၇ ခုနှစ်မှစ၍ ကျေးလက်တောရွာတွင် လူမျိုး၊ ဘာသာမရွေးဆင်းရဲနွမ်းပါးသည့် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများနှင့်တောင်စွန်းဆေးရုံ၊ ဘီးလင်းဆေးရုံတို့၌တက်ရောက်ကုသနေသော လူနာများအား ငွေကြေးများလစဉ်ထောက်ပံ့စောင့်ရှောက်လျက်ရှိရာ ပညာရေးပဒေသာပင်တစ်ပင်လျှင် (၅၀၀၀)ကျပ်၊ ကျန်းမာရေးဆေးပဒေသာပင် တစ်ပင်လျှင်(၁၀၀၀၀) ကျပ်စသည်ဖြင့် အလှူတော်ငွေများကို အချိန်အခါမရွေး အောက်ပါဌာနများသို့ ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ကြပါသည်။

လိုအပ်နေရာ၊ လိုအပ်တာ၊ လှူပါစွမ်းသမျှ

၁။ ဝိဝေကာဝါသကျောင်း၊ တောင်စွန်း၊ ဖုန်း-၀၅၇-၆၆၃၀၆၊ ၀၉-၈၆၂၆၉၉၈
၂။ မင်းလှမ္မရိပ်သာကျောင်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းဈေးအနီး၊ဖုန်း-၀၉-၄၂၁၀၄၆၃၃၂၊ ၀၉-၄၃၁၁၆၅၈၀၊ ၀၉-၄၉၂၇၅၇၉၅
၃။ ကမ္ဘောဇဘဏ်(ရွှေဂုံတိုင်ဘဏ်ခွဲ)၊ အရှင်တိက္ခ(၀၀၇၁၂၁၀၂၀၇၃၅၄)

APEX DENTAL
သွားဘက်ဆိုင်ရာပစ္စည်းရောင်းဝယ်ရေး
(၁)နှစ်မြောက် SPECIAL SALES PROMOTION STARTING FROM 16.7.2012

PHONE:	:09-43116821
	09-73174831
HOT LINE (24 hours)	:09-420078011
	09-420078012
	09-420078013
ADDRESS:	NO. 320 / 322, SHWEBONTHAR CONDO (FIRST FLOOR)
	SHWEBONTHAR (MIDDLE) ROAD, PABEDAN TOWNSHIP, YANGON, MYANMAR

အများသိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ မြတောင်ကျေးရွာနေ ဦးဖုန်းနိုင် ၁/ကမန(နိုင်)၀၁၇၀၀၁၏လွှဲအပ်ချက်အရအောက်ပါအတိုင်းကြေညာအပ်ပါသည်။
ဦးဖုန်းနိုင်သည် ၁၅-၁၂-၂၀၀၉ရက်က ဦးကျော်ထင်နှင့်ဒေါ်မိုးသဇင်စောတို့ထံမှ မြစ်ကြီးနားမြို့ရှိ ဦးပိုင် ၆၈၁၊ အကွက်အမှတ် ၇၄(ရွှေအိုက်၊ ပမ္မတီး)မြေချိန်ဧရိယာ ၀ဒသမ၁၁၀ဧကမြေကွက်ကို အရပ်စာချုပ်၍ ဝယ်ယူခဲ့ပါသည်။ အဆိုပါခြံမြေကွက်၏ မူလပိုင်ရှင်မှာ ဒုဗိုလ်မှူးကြီး(ငြိမ်း)ဇော်ဝင်းဖြစ်ပါသည်။ ၎င်းထံမှ ဦးကျော်ထင်နှင့် ဒေါ်မိုးသဇင်စောတို့ကဝယ်ယူခဲ့ပါသည်။ ဦးဖုန်းနိုင်က မြေဂရန်ရရှိရေးအတွက် ဒေါ်မိုးသဇင်စော၏ညီမ ဒေါ်ခိုင်သဇင်စောကိုဆောင်ရွက်ရန် အပ်နှံခဲ့ပါသည်။ ဒေါ်ခိုင်သဇင်စော၏ လက်ဝယ်မှ ဒုဗိုလ်မှူးကြီးဇော်ဝင်းအမည်ဖြင့် မြို့မြေချထားရေးကော်မတီမှ ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းနှင့် အထက်ပါဆက်စပ်သည့် စာရွက်စာတမ်း(မူရင်း)များ ပျောက်ဆုံးသွားခဲ့ပါသည်။
ဦးဖုန်းနိုင်က အဆိုပါမြေပေးမိန့်အား အသစ်တစ်ဖန်တရားဝင်ပြန်လည်လျှောက်ထားရယူမည်ဖြစ်ပါသည်။ ဤသို့လျှောက်ထားမှုကို ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံ ကြေညာသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

ဦးဖုန်းနိုင်၏လွှဲအပ်ချက်အရ-

ဦးဇော်မင်းထွန်း LL.B	ဦးချစ်အေး B.Sc,H.G.P	ဒေါ်အေးအေးစန်း LL.B,D.B.L
အထက်တန်းရှေ့နေ (စဉ်-၃၁၅၁၇)	အထက်တန်းရှေ့နေ (စဉ်-၁၉၉၃၉)	အထက်တန်းရှေ့နေ (စဉ်-၃၄၀၅၁)
အမှတ် ၂၉၊ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊	အမှတ် ၆၊ ရန်ကြီးအောင်ရပ်၊ မြစ်ကြီးနားမြို့၊	
ဖုန်း-၀၇၄-၂၁၈၆၅၊ ၀၉-၉၀၅၆၆၉၅	ဖုန်း-၀၇၄-၂၁၈၆၅၊ ၀၉-၄၇၀၃၄၄၉၆	

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊နယ်မြေ ၃နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အရာတီကာဒေဝီ ၅/ကလထ(နိုင်)၀၁၅၅၆၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အရာတီကာဒေဝီ၏သား ကိုနီရ်မာပါရဆပ်(ခ)ဦးရွှေမင်း ၅/ကလထ(နိုင်)၀၁၅၅၆၅ သည် မိခင်ကြီးစိတ်ဆင်းရဲအောင် ပြုမူဆက်ဆံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်သက်ဆိုင်သည့်ကိစ္စများအား လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အရာတီကာဒေဝီ၏ညွှန်ကြားချက်အရ-
ဦးအောင်မြင့်ဦး ဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီ)
အထက်တန်းရှေ့နေ-၂၆၃၆၈
ညောင်ပင်သာရပ်ကွက်၊ ကလေးမြို့၊
ဖုန်း-၀၉-၄၇၀၈၀၀၈၄

အများသိစေရန်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၂လမ်း၊ အမှတ် ၁၁၆တွင် ရုံးချုပ်ဖွင့်လှစ်၍ မြန်မာနိုင်ငံအနှံ့ ထုတ်ဝေဖြန့်ချိလျက်ရှိသော အခွင့်အလမ်းဂျာနယ်သည် ခေတ်နှင့်အညီသတင်းဆောင်းပါးများကို ဖော်ပြလျက်အလုပ်အကိုင်ရှာဖွေသူ လူငယ်များနှင့် လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံ၏ပထမဆုံးသော ဆက်သွယ်ရေးအကျိုးဆောင် ဂျာနယ်တစ်ခုအဖြစ် ၂၀၀၅ခုနှစ်မှစတင်၍ အစဉ်အလာကောင်းဖြင့်ရပ်တည်လျက်ရှိသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။
၂။ အခွင့်အလမ်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများနှင့်အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာအချက်အလက်များမှာ အဖိုးအခတစ်စုံတစ်ရာမယူဘဲ အခမဲ့ ဝန်ဆောင်လုပ်ငန်းဖြစ်သည့်အလျောက်ဝန်ထမ်းခေါ်ယူလိုသည့် အေဂျင်စီများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်အသီးသီးထံမှ လုပ်ငန်း၏အမည်၊ သက်တမ်းရှိလုပ်ငန်းလိုင်စင်မိတ္တူ၊ လုပ်ငန်းပိုင်ရှင်၏မှတ်ပုံတင်မိတ္တူ အစရှိသောအထောက်အထားများကို စီစစ်လက်ခံရယူပြီးမှသာဂျာနယ်တွင် ထည့်သွင်းကြော်ငြာပေးပါသည်။
၃။ အဆိုပါအလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ သတင်းအချက်အလက်များကို အချို့သောဂျာနယ်တိုက်များ၊ လူမှုရေးကွန်ရက်များ၊ အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာသတင်းကွန်ယက်များ၊ Websiteများတွင် data sharingပြုလုပ်သူများသည် အခွင့်အလမ်းဂျာနယ်၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ထပ်ဆင့်ကူးယူဖော်ပြလျက်ရှိကြောင်း တွေ့ရှိရပါသည်။
၄။ ထိုသို့အခွင့်အလမ်းဂျာနယ်၏သတင်းအချက်အလက်များကို အခြားသတင်းကွန်ယက်များက ထပ်ဆင့်ကူးယူဖော်ပြရာတွင် ယင်းသတင်း၏ မူလအခြေအမြစ်ဖြစ်သော အခွင့်အလမ်းဂျာနယ်မှရရှိသည့် သတင်းအချက်အလက်ဖြစ်ကြောင်း (source-အခွင့်အလမ်းဂျာနယ်ဟူ၍) အတိအလင်းဖော်ပြပေးရန် လိုအပ်ပါသည်။
၅။ ဤအစီအစဉ်မှာ နိုင်ငံတကာစံနှုန်းနှင့်အညီ မိမိတို့နိုင်ငံ၏မီဒီယာအဆင့်အတန်း ကိုမြင့်မားစွာကျင့်သုံးနိုင်စေရန် ရည်ရွယ်ပါသည်။
၆။ အခွင့်အလမ်းဂျာနယ်၏သတင်းအချက်အလက်များကို(source-အခွင့်အလမ်းဂျာနယ်)ဟူ၍ ထုတ်ဖော်ခြင်းမရှိဘဲ ကူးယူနေခြင်းများအားထပ်မံတွေ့ရှိပါကဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **အခွင့်အလမ်းဂျာနယ်၏လွှဲအပ်ချက်အရ-**

ဦးဇော်လင်း တရားလွှတ်တော်ရှေ့နေ(၁၁၉၇)
ဒေါ်နေရည်လင်း LL.B, D.I.L,D.B.L,BDS, Dip in Global English
အထက်တန်းရှေ့နေနှင့်အခွင့်အလမ်းဂျာနယ်၏ဥပဒေအကြံပေး
ဖုန်း-၀၉-၇၃၁၉၉၅၅၀

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၂၆၊တိုက်(ဂ)၊အခန်းအမှတ် ၁၊ သုံးလွှာ/လေးလွှာ၊ (ဟောင်ကောင် နှစ်လွှာ)ယာဘက်တိုက်ခန်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်(ကွယ်လွန်)၏ဇနီး ဒေါ်သန်းအေး(ခ)ဒေါ်စန်းထို ၁၂/ဥကတ(နိုင်) ၁၃၀၃၃၅ သည် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံပြောဆို၍ ရောင်းချမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားရှိပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း ရောင်းချခြင်းအပေါ် ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သက်လင်း LL.B, D.B.L, D.M.L,D.I.L. တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၁၉၊ ပထမထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်(အမြန်)

လှိုင်ဘူတာရုံလမ်း၊ကမာရွတ်မြို့နယ်၊ မျက်နှာစာ ၂၅ပေ၊ အရှည်ပေ ၆၀၊ မြေညီထပ်၊ ထပ်ခိုးပါ၊ **ညှိနှိုင်းဈေး။**
မုဒိတာအိမ်ရာ ၁၊ မြေညီထပ်၊ဗဟိုလမ်း၊သမိုင်းမြို့နယ်၊ **ညှိနှိုင်းဈေး။**
ဖုန်း-၅၃၀၁၁၇၊ ၂၂၅၀၅၄

[illegible]

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

၁။ ဗိုလ်မြတ်ထွန်းလမ်း ကွန်ဒို 1500 sqft, Ph, AC ပြင်ဆင်ပြီး သိန်း ၁၁၀၀။
၂။ အထက်ပန်းဆိုးတန်းလမ်း ကွန်ဒို 1250 sqft, Ph, AC ပြင်ဆင်ပြီး သိန်း ၆၅၀။
ဖုန်း- ၀၉-၈၆၁၁၀၇၁၊ ၀၉-၄၂၁၁၀၃၆၉၄၊
(ပွဲစားမလိုပါ။)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊မြေကွက်အမှတ်၉၉၅/က၊ မြေကွက်တည်နေရာအမှတ် ၉၉၅/က၊ ပညာ ၁၃လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကြူးရှိန်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးကြူးရှိန် ကွယ်လွန်သဖြင့် ဒေါ်ရင်အေး ၁၂/ဥကတ(နိုင်)၀၄၀၉၀၈က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၁၂၆/၁၁ (၁၁-၁၀-၁၁)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးသိန်းတန်၁၂/ဥကတ(နိုင်)၀၄၄၃၃၁က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၇၊မြေကွက်တည်နေရာအမှတ် ၇၇၊ ၄လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးခင်မောင်ကြီး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးခင်မောင်ကြီးကွယ်လွန်သဖြင့်ဒေါ်ခင်ကြည် ၁၂/ဥကတ(နိုင်) ၁၂၉၄၆၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၃၉၊ မြေကွက်တည်နေရာအမှတ် ၂၃၉၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးဝင်းမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းမောင် ISN-၁၉၇၉၉၈ (လူပျိုကြီးဘ၀ဖြင့်)ကွယ်လွန်၍ဒေါ်ရီရီဝင်း၁၂/ရကန(နိုင်) ၀၅၁၉၃၉၊ ဒေါ်ရီရီငွေ ၁၂/ရကန(နိုင်) ၀၅၁၉၃၅တို့က ညီအစ်မတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် ၁၄၂၈၊ မြေကွက်တည်နေရာအမှတ် ၁၄၂၈၊ ကရဏာလမ်းမကြီး၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်ခင်ခင်စန်း ၁၂/အစန(နိုင်) ၀၁၃၄၈၁ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက်ဒေါ်ခင်ခင်စန်းက မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်း ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များ တင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၉၆၈/က၊ မြေကွက်တည်နေရာအမှတ် ၉၆၈/က၊ လမ်း ၃၀၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်မြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့် ကွယ်လွန်သဖြင့် ဒေါ်သိန်းရွှေ ၁၂/ဥကတ(နိုင်) ၀၈၅၈၈၁က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၈၅/၁၂ (၁၆-၂-၁၂) ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးငွေသိန်း ၁၂/လကန(နိုင်)၀၆၆၉၁၅က မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် ၃၉၆ဦ၊ မြေကွက်တည်နေရာအမှတ် ၃၉၆ဦ၊ သန္တာ ၆လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်မြင့်အေး၁၂/ဥကမ(နိုင်)၀၆၆၉၁၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်မြင့်အေးနှင့် ဖခင် ဦးမြင့်ကွယ်လွန်သဖြင့် (၁) ဒေါ်လှသန်း ၁၂/ဥကမ(နိုင်)၀၆၆၈၇၉၊ (၂) ဦးတင်ဝင်း ၁၂/ဥကမ(နိုင်)၀၆၆၉၁၄၊ (၃) ဦးမြင့်စိုး ၁၂/ဥကမ(နိုင်)၀၆၇၃၅၂ တို့က သားသမီးများ တော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်ပျောက်ဆုံးခြင်းအတွက် မိတ္တူမှန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ဖြူသန့်ဝင်း ၁၂/မရက(နိုင်)၀၆၃၀၇၄	အဆောက်အအုံနေထိုင်ခွင့် စာချုပ်ပျောက်ဆုံး	တိုက် (၁၄)အခန်း ၄၉၊ ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

၁၃-၇-၂၀၁၂ ရက်တွင်ထုတ်လွှင့်ပြသခဲ့သော ရသစုံလင်အင်တာနက်ဥယျာဉ် အပိုင်း ၁၂၃ ဉာဏ်စမ်းမေးခွန်းအဖြေမှန်မှာ- လည်ချောင်းအိုး(သို့) လည်မျိုအိုးဖြစ်သည်။

အဖြေမှန်သူများစာရင်း-အဖြေမှန်သူမရှိပါ။

အဖြေမှန်သူများကို ဆုငွေကိုခွဲဝေပေးမည်ဖြစ်သောကြောင့် ၁၆-၇-၂၀၁၂ ရက်မှ ၂၃-၇-၂၀၁၂ ရက်အတွင်းနောက်ဆုံးထားပြီး အမှတ် ၅၂၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူပါရန်နှင့် ၄င်းရက်ကျော်လွန်ပါက ဆုငွေထုတ်ပေးမည်မဟုတ်ပါ။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် (၄/၃/၈၄)၊ ဧရိယာအကျယ်အဝန်း (၂၅×၅၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၈၄၊ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်မင်း ၁၂/ကတတ(နိုင်)၀၁၉၂၀၈ ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၃-၁-၂၀၁၂ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၆၅ ကို ရရှိထားသူ ဒေါ်ခင်သန္တာလွင် ၁၂/တမန(နိုင်)၀၀၄၈၅၆ တို့ထံသို့ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

၄င်းမြေ အဆောက်အအုံနှင့်ပတ်သက်၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ၄င်းမြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ချုပ်ဆိုဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိကေခိုင် LL.B, D.B.L,D.I.L
အထက်တန်းရှေ့နေ (စဉ်-၃၂၈၁၇)
ဖုန်း-၀၉-၅၁၃၂၁၅၆

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်နိုင်(ခ) Eric Law (ခ)လော်ပင်စင်း

အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ ဦးလော်စစ်ဟန်-ဒေါ်ကျန်ဖူးရှင်တို့၏ဒုတိယသား၊ တောင်ကြီးမြို့နေ (ဦးချီချမ်း)-ဒေါ်အေးကျင်တို့၏သားသမက်၊ ဦးသန်းနိုင်-ဒေါ်နန်းခမ်းလှိုင်၊ ဒေါ်ကြည်ကြည်ဟန်တို့၏ညီမောင်၊ (ဒေါ်စုစုလွင်)၏ခင်ပွန်း၊ ဦးဝင်းနိုင်-ဒေါ်ခင်ပြုံးပြုံးမြင့်၊ ဦးထွန်းမြင့်နိုင်-ဒေါ်စီစီလျာ၊ ဦးမင်းဒင်-ဒေါ်ဖြူဖြူဟန်၊ ဦးMတူးတူးဂျာ-ဒေါ်သီတာဟန်၊ ဦးအောင်ခြိမ့်-ဒေါ်စပယ်ဟန်၊ ဦးအောင်ကျော်နိုင်-ဒေါ်အယ်နီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာသီရိလမ်း၊ ဆ/ကရပ်ကွက်၊ အမှတ်၁၇နေ မောင်လင်းထွန်းကျော်၊မောင်ဇာနည်ထက်တို့၏ဖခင်သည် ၁၀-၇-၂၀၁၂ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းမြင့်နိုင်-ဒေါ်စီစီလျာတို့၏အစ်ကို ဦးအောင်နိုင်(ခ) Eric Law(ခ) လော်ပင်စင်း အသက်(၅၈)နှစ်သည် ၁၀-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တောင်ကြီးမြို့၊အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မျိုးမြင့်(ခ)ဒေါ်မေဘဲလ်ထွေး (အထက-၁၊ ငြိမ်း၊ တောင်ကြီး) အသက်(၆၆)နှစ်သည် ၈-၇-၂၀၁၂ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တောင်ကြီးမြို့၊အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ

ကျေးဇူးအထူးတင်ရှိခြင်း

၉-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော ဦးကျော်လွင်၏ နာရေးကိစ္စအဝဝကို အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှဝန်ထမ်းများ၊ KBZI ဘိလပ်မြေစက်ရုံစီမံကိန်းမှဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့် မိတ်သင်္ဂဟအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ စခန်းကြီးကျေးရွာ၊တွဲအထက တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ငွေ၅/ကလထ(နိုင်)၁၉၁၀၅၇ ဖြစ်ပါကြောင်း။

ဦးတင်မောင်ငွေ၅/ကလထ(နိုင်)၁၉၁၀၅၇

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အနီးစခန်း အထက၊ အဋ္ဌမတန်း(A)မှ မောင်ဇင်သူစိုး၊ စည်းကားကျေးရွာ၊ အမက(မူလွန်) ပဉ္စမတန်းမှ မောင်ချစ်ပိုင်စိုးနှင့် စည်သာကျေးရွာ၊ အမက၊ ဒုတိယတန်းမှ မောင်ဧပိုင်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၁၄/ငပတ(နိုင်) ၀၆၉၂၅၉ ဖြစ်ပါကြောင်း။

ဦးတင်စိုး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ထိုက်ထိုက်အောင်(ခ)ပုလဲ

ကျောင်းဆရာမ(ငြိမ်း) အမက(၆)ဗိုလ်တထောင် အသက်(၄၉)နှစ်

အမှတ် ၁၆၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ငါးလွှာ၊ ပုဇွန်တောင်မြို့နယ်နေ(ဦးမောင်မောင်-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးစိန်ထွန်း-ဒေါ်ခင်စောရင်)တို့၏သမီးချွေးမ၊ ဦးထင်အောင်(2/O Mariner Shipping)၏ဇနီး၊ မောင်အောင်ဟိန်း၏မိခင်၊ ဒေါ်ငွေငွေဦး၊ ဦးသန့်စင်၊ ဦးထွန်းထွန်းအောင် - ဒေါ်တိုးတိုးကျော်တို့၏ညီမ၊ မအေးမြတ်နှင်းခင် - ကိုစိုးသိန်းအေး၊ ကိုထွန်းသန့်လင်း၊ ကိုဇင်ကိုကိုဟန်-မစန်းစန်းဝေတို့၏အဒေါ်သည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၂ရက် မွန်းလွဲ ၂း၃၀နာရီတွင်မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၂ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ မြေကွက်အမှတ် ၂၀၊ ကြက်စားပြင်တောင်၊ အမှတ် (၄၉)A၊ (မြေငှားဂရန်ထုတ်ပေးရက် ၂၇-၈-၁၉၉၇) ဗိုလ်မှူးဉာဏ်ဝင်း (ကွယ်လွန်) အမည်ပေါက်သော မူရင်းဂရန်ပျောက်ဆုံးသွားပါ၍ ဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိသူ သားမောင်ရဲမာန် ၁၁/တကန(နိုင်) ၀၆၈၅၄၉မှနေ၍ သက်ဆိုင်ရာဌာနတွင်ဂရန် မိတ္တူမှန်ထုတ်ယူခွင့်ပြုရန် လျှောက်ထားခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအေးမင်း(မင်္ဂလာတောင်ညွန့်)
LL.B,D.B.L,D.M.L,D.I.L,D.G.I,(Y.U) တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၃၊ ၈၇လမ်း၊ ကန်/နောက်၊ မင်္ဂလာတောင်ညွန့်၊
ဖုန်း-၃၇၂၃၈၄၊ ၀၉-၅၁၁၉၁၁၀

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၂၊ မြေကွက်အမှတ် ၁၉၃၅၊ ပေ(၄၀×၆၀)ဒေါ်အုန်းမြင့်(ခ)မြတ်မြတ်နိုင်အမည်ပေါက် ပါမစ်မြေအား ဆက်ခံသူဒေါ်လှမြင့် L/RGN-၀၀၈၅၄၆ ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဟာဂျီရှဖီးလ်(ခ)မျိုးအောင် ၁၂/သကတ(နိုင်) ၁၃၄၂၇၄ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိုပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**ဦးမောင်ကိုအေး ၁၂/မရက(နိုင်)၁၁၄၈၀၉ ၂၂၁- ဒုတိယထပ်၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၅၉၈**

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းကျော်အောင်

အသက် (၈၄)နှစ်

ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၏ဖခင် ဦးထွန်းကျော်အောင် အသက်(၈၄)နှစ်သည် ၁၂-၇-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အတွင်းရှိတရားရေးမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာတင်စိုး (ကျူကွမ်ရော) ပါမောက္ခ(ငြိမ်း)၊ စီးပွားရေးပညာဌာန၊ အဝေးသင်တက္ကသိုလ်(ရန်ကုန်)

အသက် (၆၇)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင်ကျင်းပခဲ့သော ဘာသာရပ်ဆိုင်ရာပညာရှင်များဟောပြောပွဲ၌ ၂၀၀၆ ခုနှစ်၊ ၂၀၀၈ခုနှစ်နှင့် ၂၀၁၀ခုနှစ်တို့တွင် စုစုပေါင်း သုံးကြိမ်လာရောက်ဟောပြောပေးခဲ့သောပညာရှင် ပါမောက္ခဒေါက်တာတင်စိုးသည် ၉-၇-၂၀၁၂ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်နိုင်(ခ)Eric Law (ခ)လော်ပင်စင်း

အသက် (၅၈)နှစ်

ဦးမင်းဒင်-ဒေါ်ဖြူဖြူဟန်တို့၏ အစ်ကိုကြီး ဦးအောင်နိုင်သည် ၁၀-၇-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမျိုးအောင်-ဒေါ်တင်မာရီ
ဦးစိုင်းနော်ခမ်း-ဒေါ်နန်းအွမ်း
ဦးအောင်ဇော်မြင့်-ဒေါ်တီတီလေး
ဦးအေးဝင်း-ဒေါ်နွယ်နီတင်
ဦးအောင်ကျော်-ဒေါ်သန်းသန်းအေး
ဦးသိန်းနိုင်-ဒေါ်မိမိ
ဦးဝင်းငွေ-ဒေါ်အေးအေးသက်
ဦးမောင်မောင်ထွန်း-ဒေါ်သီတာစိန်ညွန့်

ကျေးဇူးတင်ရှိခြင်း

ဦးသန်းစိုးလှိုင် (ဇလွန်မြို့)

BE (Civil) RIT-1969

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

Executive Engineer, Asia World Co.,Ltd.

အသက်(၆၆)နှစ်

ဦးသန်းစိုးလှိုင် အသက်(၆၆)နှစ်သည် ၉-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ကူညီပေးကြပါသော ဆည်မြောင်းဦးစီးဌာနမှညွှန်ကြားရေးမှူး၊ အငြိမ်းစားများနှင့် မိသားစုများ၊ Asia World Co.,Ltd.လမ်း၊တံတားရုံးခွဲမှဝန်ထမ်းများ၊ ဟံသာဝတီကားပွဲစားတန်းမှ မိသားစုများ၊ အောင်ရတနာအထူးကုဆေးရုံမှဆရာဝန်နှင့်သူနာပြုများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်လွင်

(စီမံကိန်းဒါရိုက်တာ၊ A-1ဆောက်လုပ်ရေး Co.,Ltd.)

(KBZI ဘိလပ်မြေစက်ရုံစီမံကိန်း၊ ပင်းပက်)

အသက်(၆၁)နှစ်

မန္တလေးမြို့၊ ရတနာပုံ၊ ရန်ကင်းသာယာရပ်ကွက်၊ အမှတ်(၂)နေ ဒေါ်စန်းစန်းအေးလှိုင်၏ခင်ပွန်း၊ ကိုစံဝင်း-မဇေပရယ်ထွန်းဦး၊ ကိုငွေလင်းမြတ်-မတင်တင်မော်၊ ကိုတင်ထွန်းလှိုင်တို့၏ ဖခင် ဦးကျော်လွင်သည် ၉-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

UAC Engineering Co.,Ltd.
အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့်နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှသိန်း(ရခိုင်ပြည်နယ် ဥပဒေချုပ်)၊ ဒေါ်ခင်မေအောင်တို့၏ဖခင်၊ ဦးထွန်းကျော်အောင်(မြေပုံမြို့) အသက်(၈၄)နှစ်သည် ၁၂-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်နှင့်
တိုင်း/ခရိုင်/ မြို့နယ် ဥပဒေအရာရှိများ
ရုံးဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်ဥ (အောင်လံ)

အသက်(၈၃)နှစ်

ဦးလှဝင်း-ဒေါ်မော်မော်ထွန်းတို့၏မိခင် ဒေါ်ကျင်ဥ အသက်(၈၃)နှစ်သည် ၉-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
ဒေါ်စန်းစန်းအေး(လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊သီပေါ)
ဒေါ်ခင်မာဝင်း (Air Mandalay)
ဒေါ်ကြည်ကြည်စိန် (Steel Stone Co., Ltd.)

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘအေး (ကျောက်မဲ၊ မိုးကုတ်)

အသက်(၈၀)

ဦးအောင်ကျော်မြတ်-ဒေါ်တင်မြင့်ကြည်(ဆုမြင့်မြတ်ရတနာ၊ ဗိုလ်ချုပ်ဈေး)တို့၏ ချစ်လှစွာသောဖခင် ဦးဘအေး အသက်(၈၀)သည် ၁၄-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးယုကိုကို-ဒေါ်တင်ဇာလွင်နှင့် မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘအေး

(ကျောက်မဲ၊ မိုးကုတ်)

အသက်(၈၀)

ဦးဗိုလ်အေးမြင့်-ဒေါ်ခင်ထားမင်းတို့၏ဖခင် ဦးဘအေး အသက်(၈၀)သည် ၁၄-၇-၂၀၁၂ရက် (စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြင့်သရဖူ စိန်ရတနာဆိုင်
ဝန်ထမ်းများ

ဦးရွှေမိုး

(တ/ကုန်ကြပ်၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်း)
(Lann Pyi) ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၁၇၊ အင်ကြင်းလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးကျော်မြင့်-ဒေါ်စန်းတင့်တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ် ၄၅၆၊ စေတနာ ၃လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးသန်းထွန်း)-ဒေါ်ခင်လေးဖြူတို့၏သားသမက်၊ ဒေါ်အေးအေးသန်း(မပူစူး)(မြန်မာ့လက်ရွေးစင်ဘော်လီဘော၊ ဟိုတယ်/ခရီး)၏ခင်ပွန်းသည် ၁၅-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးခင်အောင်ဇော် (ငြိမ်း)

ကြည်း-၂၅၃၈၊ O.T.S(90)
ဦးစီးအရာရှိ(စီမံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
ခွန်/ထိန်း၊ ကျောက်ထုတ်ဦးစီး
အသက်(၄၇)နှစ်

သံတွဲမြို့နေ ဦးညီညီ-ဒေါ်သန်းရီတို့၏ဒုတိယမြောက်သား၊ စစ်တွေမြို့နယ်၊ ပါဒလိတ်ကျေးရွာနေ (ဦးစံထွန်းသာ)-ဒေါ်ညိုတို့၏သားသမက်၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ မောင်ဇော်မျိုးထက်၊ မောင်ရဲရင့်နိုင်၊ မစုရည်မွန်နိုင်တို့၏ဖခင်သည် ၁၄-၇-၂၀၁၂ရက်တွင် နေပြည်တော် ပိတောက်အိမ်ရာ၊ တိုက် ၇၁၀၊ အခန်း ၃၁ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်တင်နွဲ့ (ပဲခူး)

အသက်(၇၃)နှစ်

ပဲခူးမြို့၊ အမှတ် ၁၁၄၊ သနပ္ပင်လမ်းနေ (ဦးကိုကိုကြီး)-ဒေါ်ခင်ညွန့်(ဇော်ညီနောင်အိမ်ဆောက်ပစ္စည်း)တို့၏ညီမ၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်ငွေ(အထက-၆၊ ငြိမ်း)၊ ဦးထွန်းအောင်ကျော်(ညွှန်မှူး၊ ကညန)-ဒေါ်ခင်လေးစု၊ ဦးမောင်မောင်-ဒေါ်ခင်ထွေးမူ(အထက-၆)၊ ဦးကိုကိုနိုင်(ရတနာမြေစိုက်ပျိုးရေးဆေးဆိုင်)-ဒေါ်မာမာမြင့်၊ ဦးကိုကိုပိုင်-ဒေါ်ခက်ခက်ခိုင်၊ ဦးကျော်လင်း-ဒေါ်မိမိကြီး၊ ဒေါ်မိမိငယ်(Shwe FM)၊ ဦးကျော်ကျော်-ဒေါ်မေသကြ်နိ(သီဂီကျော် ပိုးထည်)တို့၏အဒေါ်သည် ၁၄-၇-၂၀၁၂ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်နွဲ့(ခ)ဒေါ်နွဲ့ (ပဲခူးမြို့)

အသက်(၇၃)နှစ်

ပဲခူးမြို့၊ ဆိုရှယ်လစ် ၃လမ်း၊ အမှတ် ၈၉၆နေ (ဦးကင်းဝေ-ဒေါ်သိန်းခင်)တို့၏သမီးကြီး၊ (ဦးမောင်မောင်သင်-ဒေါ်တင်ကြည်)၊ (ဦးထွန်းရီ)-ဒေါ်စန်းမြင့်၊ (ဦးအုန်းသာ)-ဒေါ်စန်းမြင့်၊ (ဦးဝင်းကြည်)-ဒေါ်အေးသန်းတို့၏အစ်မကြီး၊ (ဦးဝင်းမြင့်ဦး)၊ (ဦးအောင်နိုင်ဦး)၊ ဦးငွေလွင်ဦး-ဒေါ်ခင်မျိုးကြွယ်၊ ဦးဇော်မျိုးကျော်၊ ဒေါ်စန်းစန်းဝေ(United Wood & Teak Farm Industries Co., Ltd.)၊ (ဦးဇော်မင်းလတ်)-ဒေါ်ရီရီဝင်း၊ ဦးကျော်သူ(UWI)-ဒေါ်ခိုင်ဇင်ဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ (ဦးသော်)၏ဇနီးသည် ၁၄-၇-၂၀၁၂ရက် (စနေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၁၆၇၊ အောင်ချမ်းသာလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၂ရက်(သောကြာနေ့)နံနက် ၅း၃၀နာရီတွင် ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထိန်ဝင်း (မြို့လှ)

အသက်(၆၉)နှစ်

မြို့လှမြို့နေ (ဦးညီပု-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃)ရပ်ကွက်၊ ခိုင်သဇင်လမ်းသွယ်(၄)၊ အမှတ် ၄၂၀နေ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ မောင်ဝင်းသော်ထွန်း၏ဖခင်သည် ၁၄-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဒေါ်လှဝင်း(ခ)ဒေါ်ခင်ညိမ်း (ကျုံပျော်မြို့)

၁၆-၇-၂၀၁၀ မှ ၁၆-၇-၂၀၁၂

ကျေးဇူးကြီးမားပြီး ခင်ပွန်း၊ သားသမီးများနှင့် ဆွေမျိုးများအပေါ် တာဝန်ကျေပွန်ခဲ့သည့်အမေ ခွဲခွာသွားသည်မှာ (၂)နှစ်ပြည့်မြောက်ပြီ ဖြစ်သော်လည်း တစ်နေ့မှမေ့မရခဲ့ပါ။ အကျင့်သီလ၊ စေတနာကောင်းမွန်ခဲ့သည့်အမေ ကောင်းရာရောက်နေမှာ သိနေသော်လည်း ၁၆-၇-၂၀၁၂ရက်တွင် သံဃဒါန အရုဏ်ဆွမ်းနှင့် ရေတွင်းလှူဒါန်းခြင်း၊ ချောင်းသာရွာမကျောင်းတိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပုသိမ်မြို့ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား တစ်နေ့တာ အာဟာရဒါနကုသိုလ်ပြုခဲ့ပါတယ်။ အမေ့အတွက် ရည်မှန်းပြီး မိသားစုနေ့စဉ်၊ လစဉ်ပြုလုပ်သည့်ကုသိုလ်များကိုလည်း အမျှပေးဝေပါတယ်။ မြင့်မြတ်ရာဘုံဘဝမှ အမေ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်၊ သာဓုခေါ်ဆိုနိုင်ပါစေ-

ချစ်ခင်ပွန်း	-	**ဦးတင်ထွန်း (ချမ်းမြေ့အောင် ဆန်စက်)**
ချစ်သားသမီးများ	-	**ဗိုလ်ကြီးခင်မောင်စိုး(ငြိမ်း)-ဒေါ်ချစ်စု**
	-	**ဒုတိယဗိုလ်မှူးကြီးဇင်မျိုးဆွေ-ဒေါ်ဇင်မာထွန်း**
	-	**မအေးအေးမင်း၊ မအေးသန္တာထွန်း (ချမ်းမြေ့အောင်စက်ပစ္စည်းဆိုင်)**
	-	**မောင်ရဲနောင်ထွန်း(ပုသိမ် GTC)**
ချစ်မြေးများ	-	**အူဝဲ၊ မီးမီးငယ်၊ ဖိုးသား၊ တုန်တုန်**

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဖြူဝင်း (TROVER PU LAY)

အသက်(၅၈)နှစ်

၁၂-၇-၂၀၁၂ရက်တွင် မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(St.Philip's) အထက(၂)ဗိုလ်တထောင်
ကျောင်းဆရာမကြီးများနှင့်
ကျောင်းသားကျောင်းသူဟောင်းများ

ဦးသိန်းစိုး

(လေးမျက်နှာ၊ ကွင်းကောက်)
(သမဝါယမဦးစီးမှူး၊ ငြိမ်း)
အသက်(၆၈)နှစ်

ဟင်္သာတမြို့နေ (ဦးအုံးမောင်-ဒေါ်မြမြ)တို့၏သား၊ လေးမျက်နှာမြို့၊ အမှတ်(၃)ရပ်ကွက်၊ လမ်းမတော်လမ်းနေ (ဒေါ်မြင့်မြင့်ရည်၊ ဆသရ၊ ငြိမ်း)၏ခင်ပွန်း၊ မခိုင်ခိုင်စိုး၊မောင်လင်းခိုင်-မမြမြဝင်း၊မောင်သက်လင်းထွေး-မပြုံးအိမွန်၊မနွယ်နှောင်းတို့၏ဖခင်သည် ၁၃-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၄း၁၀နာရီတွင် ကွမ်းခြံကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁း၃၀နာရီတွင် ကွမ်းခြံကုန်းမြို့နယ်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး

ဦးဘအေး (ကျောက်မဲ၊မိုးကုတ်)

အသက်(၈၀)

ရန်ကုန်မြို့၊ (၃၇)ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ (ဦးဘညိမ်-ဒေါ်ထွေးစိန်)၊ ဦးဘချိန်-(ဒေါ်မြအုံ)၊ (ဦးကိုလေး-ဒေါ်အုန်းကြည်)၊ (ဦးအုန်းဖေ-ဒေါ်တင်တင်)၊ ဦးဘိုသောင်း - (ဒေါ်မြကြည်)တို့၏ညီ၊ (ဦးမောင်မောင်-ဒေါ်ငွေကြည်)၊ (ဗိုလ်မှူးပန်းကြိုင်) - ဒေါ်ခင်တင့်တို့၏အစ်ကို၊ မေမျိုးသိမ့်၊ ဗိုလ်ဖြိုးသူ၊ မြမိုးသူ၊ ရွှေသန်းမြင့်၊ ဆုမြတ်သူ၊ ဇစ်တာဖြိုးဝေမြင့်၊ ဆုရည်မြင့်မြတ်၊ အေးမြင့်မြတ်၊ ဆုဝသန်တင့်၊ မြတ်သူနှင်းတင့်၊ သားချစ်တို့၏အဘိုးသည် ၁၄-၇-၂၀၁၂ရက်(စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးခင်မောင်အေး(ငြိမ်း)

ကြည်း B.C-6488 [O.T.S(8)]
စာရေးဆရာ(တက္ကသိုလ်ခင်မောင်အေး)
မြန်မာနိုင်ငံစာရေးဆရာအသင်း
(ဗဟန်းမြို့နယ်)နာယက
အသက်(၈၄)နှစ်

မန္တလေးတိုင်းဒေသကြီးနေ (အထူးတရားသူကြီး ဦးဝင်း-ဒေါ်မမ)တို့၏သား၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက် ၄၊ အခန်း ၂၀၁၊ ၂၀၂နေ(ဒေါ်ခင်ဆွေရီ)၏ခင်ပွန်း၊ ဦးအောင်မျိုး(ခ)ဦးတူး၊ ဦးအောင်သိုက်ထွန်း(Mariner Shipping)-ဒေါ်သီတာအေး၊ ဦးသော်ဇင်အေး၊ ဦးကျော်ခိုင်ဝင်း [T.E.C.H Supdt (Maersk Tenkers)]-ဒေါ်ကြည်ပြာအေး (ခေတ္တ-စင်ကာပူ)၊ ဦးထွန်းနိုင်(ဒုညွှန်မှူး၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး)-ဒေါ်နီလာအေးတို့၏ဖခင်၊ ကိုဇော်မင်းနိုင် (Megalifesciences Co., Ltd)-မဇာခြည်နိုင် (United Pacific Co., Ltd.)၊ ကိုစောရန်နိုင် (လဝန်းသစ် Construction Materials)-မတင်ဇာလှိုင်၊ ကိုကျော်ဇင်ထွန်း(ရွှေထီး သင်္ကန်းတိုက်)-မမေမီကျော်ခိုင်၊ မဆုအိနိုင် (Mascots Health Care)၊ မအိမ့်ကျော်ခိုင်တို့၏အဘိုး၊မယွန်းအိမြင့်မိုရ်၏ဘိုးဘိုးကြီးသည် ၁၄-၇-၂၀၁၂ရက်(စနေနေ့) ညနေ ၅း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးခင်မောင်အေး(ငြိမ်း)

ကြည်း B.C-6488 [O.T.S(8)]
စာရေးဆရာ(တက္ကသိုလ်ခင်မောင်အေး)
မြန်မာနိုင်ငံစာရေးဆရာအသင်း
(ဗဟန်းမြို့နယ်)နာယက
အသက်(၈၄)နှစ်

မန္တလေးတိုင်းဒေသကြီးနေ (အထူးတရားသူကြီး ဦးဝင်း-ဒေါ်မမ)တို့၏သား၊ (ဦးသန့်ထွန်း - ဒေါ်ခင်ကြည်)တို့၏ညီ၊ (ဦးခင်မောင်လေး-ဒေါ်အေးဆိုင်)၊(ဦးတင်မျိုးအောင်)-ဒေါ်ခင်လှလှ၊ ဒေါ်ခင်လေးနွယ်၊ (ဒေါ်ခင်ထက်ထား)တို့၏ချစ်လှစွာသောအစ်ကို၊ တူ၊တူမ ၁၁ယောက်တို့၏ဦးလေးသည် ၁၄-၇-၂၀၁၂ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရွှေညဝါသာသနာ့အကျိုးဆောင်

ဦးချစ်မြ(ခ)ဦးစိုးသိန်း

ကုန်သွယ်/လယ်ယာ
လက်ထောက်ဂိုဒေါင်မှူး(ငြိမ်း)
နိဗ္ဗာန်ဆန်စက်
တပ်ခွဲမှူး၊ အရန်မီးသတ်တပ်ဖွဲ့၊
ကြည့်မြင်တိုင်
အသက်(၅၈)နှစ်

ရွှေညဝါဆရာတော် ဘဒ္ဒန္တပညာသီဟ၊ သင်ချောင်းကျေးရွာ ဦးပညာသာမိတို့၏တပည့်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ သင်ချောင်းကျေးရွာနေ (ဦးကျော်လှိုင်-ဒေါ်ကျင်)၊ (ဦးမောင်ကျော်-ဒေါ်အေးသန်း)တို့၏သားသမက်၊ အမှတ် ၈၃၉-က၊ မလိခ ၂လမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ဒေါ်လဲ့လဲ့ဝင်း(ခ)ဒေါ်ငယ်၏ခင်ပွန်း၊ ဦးစံထွန်း-(ဒေါ်စန်းရီ)၊ ဦးစံချိန်-ဒေါ်ညွန့်တင်၊ ဒေါ်အေးကြိုင်၊ ဦးသန်း-ဒေါ်မြင့်ရွှေ၊ (ဦးကျော်လှ-ဒေါ်တင်ငွေ)တို့၏တူ၊ (ဒေါ်မြမြသန်း)၊ (ဦးချစ်လှ)-ဒေါ်ပဲ၊ ဦးနိုင်ဦး-ဒေါ်ငွေငွေလွင်(အရိုးကုဆေးရုံကြီး)တို့၏ညီ၊မောင်၊ ဦးခင်မောင်ဇင်-ဒေါ်ချို၊ ဦးကိုဦး-ဒေါ်မြမြမော်၊ ဦးခင်မောင်ထွေး-ဒေါ်ခင်ချိုထိုက်၊(ဦးဟံတင်)-ဒေါ်မြ၊ ဦးစန်းဝင်း-ဒေါ်ပြုံး၊ ဦးဝင်းနိုင်ထွန်း - ဒေါ်ခင်အုန်းမြင့်တို့၏အစ်ကို၊ ကိုတင်မောင်ဝင်း၊ ကိုမင်းမင်းဝင်း၊ မရီရီဝင်း၊မအေးအေးဝင်းတို့၏ဦးလေး၊ မောင်ကျော်စိုးဝင်း(ခ)ဖိုးချစ်၊ မောင်ကြည်မင်းအောင်-မမေပိုင်ချို၊ မောင်နေဆက်ဟန်၊ မောင်ရဲဝင်းထွဋ်တို့၏ဖခင်၊ မရှင်းသန့်ကြည်ဖြူ၏အဘိုးသည် ၁၄-၇-၂၀၁၂ရက် (စနေနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကြည့်မြင်တိုင်နှင့် သာခုတိုက်မှကားများ မွန်းလွဲ ၂နာရီ၊ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးဝိစိတ္တ(ခ)ဦးဌေးအောင်

လူမှုထူးချွန်(ပထမဆင့်)၊ မိုး/ဇလ(ငြိမ်း)
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၃)ဝါ

ရန်ကုန်မြို့နေ (ဦးဘမူ-ဒေါ်သင်းမြ)တို့၏သား၊ (ဦးထွန်း-ဒေါ်အုန်းရီ)တို့၏သားသမက်၊(ဦးတင်နွယ်)-ဒေါ်ခင်စု၊ ဦးသန်းရွှေ-ဒေါ်ကျင်ရွှေတို့၏ညီ/မောင်၊ ဦးစိုးရိုန်၊ (မောင်စိုးထိုက်၊ သုံးဆယ်)-ဒေါ်ချိုချိုထွေး၊ ဦးသန်းနွဲ့-ဒေါ်မြင့်မြင့်စန်းတို့၏အစ်ကို၊ (ဒေါ်သန်းရီ)၏ခင်ပွန်း၊ အမှတ် ၆၉၆၊ ပြည်သာယာ ၁လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးဘသက်ဦး(ဒုတိယဦးစီးမှူး၊ မိုး/ဇလ)-ဒေါ်ချိုမာ၊ (ဦးဝင်းနိုင်)-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးထွန်းလှ)-ဒေါ်ခင်မာဝေတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၄-၇-၂၀၁၂ရက်(စနေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘအေး (ကျောက်မဲ၊ မိုးကုတ်)

အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ အမှတ် ၃၇၊ ဂျိုးဖြူလမ်းနေ (ဦးညွန့်-ဒေါ်နန်းငြိမ်းလှ)တို့၏သား၊ (ဦးထယ်-ဒေါ်ဖုံ)တို့၏သားသမက်၊ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ဦးဗိုလ်သန်းမြင့်(Excellent Diamond)-ဒေါ်တင်နုနုအေး(ခေတ္တ-USA)၊ ဦးဗိုလ်အေးမြင့်-ဒေါ်ခင်ထားမင်း(မြင့်သရဖူ ရတနာ)၊ ဦးအောင်ကျော်မြတ်-ဒေါ်တင်မြင့်ကြည်(မချို)(ဆုမြင့်မြတ်ရတနာ၊ ဗိုလ်ချုပ်ဈေး)၊ ဦးဗိုလ်ကြည်သောင်း-ဒေါ်မီမီကို(Ruby House ကျောက်မျက်)၊ ဦးဗိုလ်ကြည်တင့်-ဒေါ်ဝင်းဝင်းမာ၊ ဦးဗိုလ်သောင်းမြင့်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၄-၇-၂၀၁၂ရက် (စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၃၇၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးထွန်းရှိန်

အသက်(၈၉)နှစ်

(ဦးစံညွန့်-ဒေါ်အေးကြည်)တို့၏သား၊ (ဦးလှဖေ-ဒေါ်ငွေလှိုင်)တို့၏သားသမက်၊ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် ၁၂၅၆နေ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်ကြူ(ရွှေတောင် ထမင်းဆိုင်)၊ ဦးသန်းထွန်း - ဒေါ်စောနွဲ့မူ၊ (ဦးအောင်သူ)-ဒေါ်ခင်ဖြူရှိန်၊ ဦးဇော်မင်း-ဒေါ်အေးအေးမြင့်၊ ဦးနိုင်ဦး-ဒေါ်ဥမ္မာထွေး၊ ဦးစိုးမိုးနိုင်-(ဒေါ်အေးအေးငယ်)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄-၇-၂၀၁၂ရက်(စနေနေ့)ည ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၂ရက်(သောကြာနေ့) နံနက် ၇နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တန်ကွန်ဟုတ်(ခ)

ဦးအေးကျော် (ခရမ်း)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၁၉၄နေ (ဦးကန်ဖိုး-ဒေါ်လုံ)တို့၏သား၊ ကိုးဘီးအိန်း(ခ)ဒေါ်မြညွန့်၏ခင်ပွန်း၊ ဦးစိန်ဝင်း၊ (ဦးထိန်လင်း)၊ ဒေါ်ခင်ခင်မြ၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်သန်းသန်းမေ၊ ဦးကျော်ဇော-ဒေါ်သိန်းသိန်း၊ ဦးမျိုးသိန်း၊ ဦးမျိုးမြင့်-ဒေါ်သီတာဝင်း၊ မအေးသန်းဝင်းတို့၏ဖခင်၊ မောင်အောင်မြတ်ကျော်၊ မောင်မင်းခန့်ကျော်တို့၏အဘိုးသည် ၁၅-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၁း၅၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်နှင့်မင်္ဂလာဈေးမှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်အေး

(စာရင်းစစ်၊ ငြိမ်း၊ ဗဟိုစာရင်းရုံး)
B.Com (AA) ၁၉၇၆ခုနှစ်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၈၄(ပထမထပ်၊ A-2)နေ(ဦးတင်အောင်-ဒေါ်သိန်းသိန်း)တို့၏သားငယ်၊ ဦးမောင်မောင်ကြီး - (ဒေါ်ကျင်သန်း)တို့၏သားသမက်၊ (ဦးမောင်မောင်သွင်)၊ (ဦးမောင်မောင်သန်း)တို့၏ညီ၊ ဒေါ်ခင်မာတင်၏မောင်၊ ဒေါ်ခင်ဆွေဦး(စာရင်းစစ်၊ ငြိမ်း၊ ဗဟိုစာရင်းရုံး)၏ခင်ပွန်း၊ ဦးစွမ်းသူရ-ဒေါ်နွယ်နွယ်ဝင်း၊ ဦးထက်သူအောင်-ဒေါ်လင်းလင်းထွန်းတို့၏ဖခင်၊ မောင်စွမ်းရာဇ(TTC)၏အဘိုးသည် ၁၅-၇-၂၀၁၂ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်နို့အောင် (စစ်တွေ)

အသက်(၉၀)

ရန်ကုန်မြို့၊ တိုက် ၂၇၂၊ အခန်း ၄၊ အရှေ့ရန်ကင်းနေ (ကုန်သည်ကြီး ဦးစောလှအောင်-ဒေါ်မသာနု)တို့၏သား၊ (ဒေါ်စံဝင်းဦး)၏ခင်ပွန်း၊ ဒေါ်နှင်းဦးခင်-ဒေါက်တာဦးထွန်းဝေ၊ ဒေါက်တာဒေါ်မြအေး (ခေတ္တ-မလေးရှား)၊ ဒေါက်တာစောဝင်းမောင် (MSI Myanmar)၊ ဒေါ်ခင်စိန်လှ-ဒုတိယဗိုလ်မှူးထွန်းငြိမ်း(ငြိမ်း) (စက်မှုဝန်ကြီးဌာန)တို့၏ဖခင်၊ ဒေါက်တာခင်နှင်းစုဝေ(ခေတ္တ-မလေးရှား)၊ ဒေါက်တာထွန်းဖုံမောင်၊ မောင်ပြေငြိမ်း (ST. John Shipping Management) တို့၏ အဘိုးရှင်သည် ၁၄-၇-၂၀၁၂ရက်(စနေနေ့) ည ၁၀း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှလုံးခွဲစိတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၅-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးငွေမောင် (သရက်မြို့)

မန်နေဂျာ(ငြိမ်း)
မြန်မာ့စီးပွားရေးဘဏ်
အသက်(၈၅)နှစ်

သရက်မြို့နေ (ဦးဘိုးညွန့်-ဒေါ်ငွေလှ)တို့၏သား၊ (ဦးအောင်ကိုး-ဒေါ်မြမေ)တို့၏သားသမက်၊(ဒေါ်ခင်သန်း)၏ခင်ပွန်း၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၄လမ်း၊ အမှတ် ၂၅၇နေ ဦးတင့်လွင်-ဒေါ်စိန်စိန်လင်း(ဝိုင်း)၊ (ကိုအောင်ကျော်မိုး)၊ ကိုအောင်ကျော်ဖြိုး-မဇာခြည်ဝင်း၊ မသန္တာအေး(ဗဟိုစည်ဆေးရုံ)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၅-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအေးနိုင်

(ဒုလ/ထကြီးကြပ်ရေးမှူး)
မြန်မာ့မီးရထား (လက်မှတ်စစ်)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ လိုင်း ၄၂၊ အခန်း(G)နေ(ဂတ်ဗိုလ်ကြီး ဦးအုန်းဖေ)-ဒေါ်တင်ရီတို့၏သား၊ (ဦးမောင်မောင်)-ဒေါ်လှမြိုင်၊ (ဒေါ်လှလှအေး)၊ (ဦးအေးလွင်)တို့၏ညီ၊ ဒေါ်အေးအေးမာ(မမ)၊ ဦးကျော်ငွေ-ဒေါ်အေးအေးမြင့်၊ဦးအောင်နိုင်(မမ)-ဒေါ်သီတာဝင်း၊ ဦးရဲနိုင်(မမ)တို့၏အစ်ကို၊ ဒေါ်စန်းယုမော်၏ခင်ပွန်း၊ မစုစန္ဒီနိုင်၊ မရည်မွန်ဖြိုး၊ မောင်မင်းသန့်မောင်တို့၏ဖခင်သည် ၁၄-၇-၂၀၁၂ရက် (စနေနေ့)နံနက် ၁၀း၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

အရည်အသွေးမီဆန်များ ပိုမိုထုတ်လုပ်နိုင်ရန် ခေတ်မီဆန်စက်များ တိုးချဲ့တည်ဆောက် ဆန်စပါးလောကဖွံ့ဖြိုးတိုးတက်ရေး သဘောထားခံယူချက်များ ပြောင်းလဲရန်လိုအပ်

နေပြည်တော် ဇူလိုင် ၁၅

ဇူလိုင် ၁၄ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Center(MCC) ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ပထမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်၍ အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လယ်ယာကဏ္ဍသည် အရေးပါဆုံးဖြစ်ကြောင်း၊ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသာမက ကျေးလက်ဆင်းရဲမှုလျှော့ချရေးအတွက်ပါ အရေးပါကြောင်း၊ မြန်မာဆန်စပါးလုပ်ငန်းကြီးတစ်ခုလုံး စိုက်ပျိုးသည်မှ နိုင်ငံခြားသို့ တင်ပို့ရောင်းချသည်အထိ Supply Chain တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းကို ယခင်နှစ်က စတင်ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်သမားများရသင့်ရထိုက်သည့် ဈေးနှုန်းများရရှိစေရန် ဖြေလျှော့မှုများ လုပ်ဆောင်ပေးနေသကဲ့သို့ အထွက်ကောင်း မျိုးကောင်း မျိုးသန့်များ၊ စပ်မျိုးစပါးများ ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးမီဆန်များ ပိုမိုထုတ်လုပ်နိုင်ရန် ခေတ်မီဆန်စက်များ တိုးချဲ့တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းဝင်များအားလုံး ညီညီညွတ်ညွတ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ပထမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပါဝင်ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်ဘက်ကလည်း အဘက်ဘက်မှ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့ဆန်လုပ်ငန်းတိုးတက်ရန်အတွက် အရည်အသွေးမီဆန်များ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ ဈေးကွက်သစ်များ ထိုးဖောက်နိုင်ရေးအတွက် ဆန်၏အရည်အသွေး ယခုထက်ပိုမိုမြှင့်တင်ရန် အထူးလိုအပ်နေကြောင်း၊ ဆန်ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်မှုကိုပါ ခွင့်ပြုထားပါကြောင်း၊ ဆန်စပါးလုပ်ငန်းကြီးတစ်ခုလုံး စဉ်ဆက်မပြတ်တိုးတက်ရေးသည် အရည်အသွေးမီ တန်းမြင့်ဆန်များ ပိုမိုတိုးတက်တင်ပို့နိုင်မှသာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်မှစပြီး ဆန်လောကအတွင်း *စာမျက်နှာ ၉ ကော်လံ ၃* ▲

မြန်မာ့အလင်း **အာကာသသိပ္ပံ** | အာကာဟိန်း ➤ ရေးသားသည်

နာဆာမှလွှတ်တင်ထားသော ကတ်စီနီလေ့လာရေးယာဉ် စနေဂြိုဟ်၏ ဂြိုဟ်ပတ်ကွင်းပုံရိပ်များထုတ်ပြန်



နယူးယောက် ဇူလိုင် ၁၅

နာဆာမှ စေလွှတ်ထားသော ကတ်စီနီ အာကာသလေ့လာရေးယာဉ်သည် စနေဂြိုဟ်၏ဂြိုဟ်ပတ်ကွင်း ပုံရိပ်သစ်တစ်ခု ***(အပေါ်ပုံ)*** *ကို မြေပြင်စခန်းသို့ပေးပို့လိုက်ရာ ယင်းပုံရိပ်ကို နာဆာမှ ထုတ်ပြန်လိုက်ကြောင်း ဇူလိုင် ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။*

၎င်းဂြိုဟ်ပတ်ကွင်း ပုံရိပ်မှာ ကတ်စီနီလေ့လာရေးယာဉ်က စနေဂြိုဟ်၏ ဝင်ရိုးစွန်းအရပ်များမှနေ၍ ရယူထားသော ပုံရိပ်များဖြစ်သည်။ ယင်းပုံရိပ်သည် စနေဂြိုဟ်၏ ဝင်ရိုးစွန်းဒေသရှိ ဂြိုဟ်ပတ်ကွင်း၏ အနေအထားဖြစ်ပြီး စနေဂြိုဟ်အရံလများ၏ ပုံရိပ်များလည်း ပါဝင်သည်။ ယခုပေးပို့လိုက်သောဓာတ်ပုံများအရ နာဆာအာကာသ သိပ္ပံပညာရှင်များအနေဖြင့် စနေဂြိုဟ်၏ ဂြိုဟ်ပတ်ကွင်းအနေအထား ပြောင်းလဲဖြစ်တည်မှုကို လေ့လာနိုင်မည်ဖြစ်သည်။ ထို့အတူ စနေဂြိုဟ်၏ ဂြိုဟ်ပတ်ကွင်း ပြောင်းလဲမှုသည် စနေဂြိုဟ်၏ အရံလများအပေါ် အကျိုးသက်ရောက်မှု ရှိ မရှိကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ ယခုအခါ နယူးယောက်မြို့ ကော်နယ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ကတ်စီနီ အာကာသလေ့လာရေးယာဉ်မှ ပေးပို့လိုက်သည့် ပုံရိပ်များကို လေ့လာသုတေသနပြုလျက်ရှိသည်။ ကတ်စီနီအာကာသ လေ့လာရေးယာဉ်ကို နာဆာက ၂၀၁၀ ခုနှစ်က အာကာသသို့ လွှတ်တင်ထားခဲ့ခြင်းဖြစ်ပြီး စနေဂြိုဟ်နှင့် အရံလများ၏ ထူးခြားသောပုံရိပ်များကို ရယူထုတ်ပြန်ပေးနေခြင်းဖြစ်သည်။

(အင်တာနက်)

ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့်အဝတ်အထည်များ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများလတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင် အမှတ်(၂)ဈေး ဖြူစင်မေတ္တာဆေးလှူဒါန်းရေး ကုသိုလ်ဖြစ်အဖွဲ့က ငွေကျပ် ၇၅၀၀၀၀၊ မော်လမြိုင်မြို့ အမှတ်(၂) ပြည်သူ့ဈေး ဈေးသူ ဈေးသားများက ငွေကျပ် ၁၁ သိန်းနှင့် အဝတ်အထည်ရှစ်ထုပ်၊ စတီးပန်းကန်ပြား အချပ် ၅၀၊ *စာမျက်နှာ ၃ ကော်လံ ၂* ✳

ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ငါးခု ဆွတ်ခူး ရရှိခဲ့သည့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ (မွေ့) လက်ရွေးစင် အားကစားသမားများကို တွေ့ရစဉ်။(အား/ကာ)

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ ရွှေတံဆိပ်ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၅

Asia Muay Championship 2012 ပြိုင်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပရာ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ အားကစားသမား ၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ (မွေ့)လက်ရွေးစင်အားကစားသမားများက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဖြင့် စုစုပေါင်းဆုတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲ၏ ၄၈ ကီလိုတန်း၌ မျိုးမြင့်(ခ)ကညောဖိုးက ပထမရွှေတံဆိပ်ဆု၊ ၆၇ ကီလိုတန်း၌ မောင်တူး(ခ)တူးတူးက ပထမရွှေတံဆိပ်ဆု၊ ၇၁ ကီလိုတန်း၌ ထွန်းထွန်းမင်းက ဒုတိယငွေတံဆိပ်ဆု၊ ၅၁ ကီလိုတန်း၌ ကိုကိုအောင်(ခ)သပြေအောင်က တတိယကြေးတံဆိပ်ဆုနှင့် ၅၁ ကီလိုတန်း၌ ရွှေဖလားတို့က တတိယကြေးတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲကျင်းပရာသို့ အဖွဲ့ခေါင်းဆောင်အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်း၊ အတွင်းရေးမှူး၊ နည်းပြနှင့် အားကစားသမားများ အပါအဝင် စုစုပေါင်းရှစ်ဦး သွားရောက်ခဲ့ကြပြီး ဇူလိုင် ၁၄ ရက် ညနေတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။**(အား/ကာ)**

လှိုင်မြို့နယ် ငါးဈေးသစ်ကြီး တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

သတင်းနှင့်ဓာတ်ပုံ ဇင်ကိုကိုထက်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့တော်စည်ပင်နှင့် တောက်ထွန်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ၂၀၁၁ ခုနှစ် ဇန်နဝါရီမှ စတင်ကာ တည်ဆောက်ခဲ့သော လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ငါးဈေးကြီး တည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ကြည့်မြင်တိုင်ဗဟိုစံပြ ငါးဈေးကြီးရောက်ခဲ့စဉ်က ရောင်းသူဝယ်သူတို့ထံမှ ကြားသိခဲ့ရသည်။

ရန်ကုန်မြို့၌ ဒုတိယအကြီးဆုံးသော ငါးဈေးသစ်ကြီးအဖြစ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ဈေးရုံကြီးခုနစ်ရုံ၊ ရုံလေးတစ်ရုံအဖြစ် တည်ဆောက်ထားပြီး ရုံကြီးတစ်ရုံလျှင် ဆိုင်ခန်းပေါင်း ၆၀၊ ရုံလေးတွင် ၁၂ ခန်း ဆိုင်ခန်းပေါင်း ၄၃၂ ခန်းရှိမည်ဖြစ်ကြောင်း ဈေးအသစ်ကြီး၌ တွေ့ရသော ဈေးတည်ဆောက်ရေးအဖွဲ့မှ ဦးမြင့်သိန်းက ပြောကြားသည်။

ရုံကြီးများအတွင်းသို့ ငါးသယ်ယာဉ်ကြီးများ တိုက်ရိုက်ဝင်နိုင်ထွက်နိုင်မည်ဖြစ်ပြီး ဈေးပတ်လမ်းတစ်လျှောက်နှင့် ယာဉ်ပတ်လမ်း *စာမျက်နှာ ၈ ကော်လံ ၃* ◆



လှိုင်မြို့နယ် ငါးဈေးသစ်ကြီး တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။